မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၅၅)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်သူ့လွှတ်တော်အစည်းအဝေး ရက် (၅၀)မြောက်နေ့ ဆက်လက်ကျင်းပ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်

နေပြည်တော် နိဝင်ဘာ ၂၃

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး ရက် (၅၀)မြောက်နေ့ကို မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၇၄)ဦးတို့ တက်ရောက်ကြသည်။

ဆွေးနွေးအတည်ပြု

အစည်းအဝေး၌ အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေး အတည်ပြုခြင်းဆောင်ရွက်ကြသည်။

အပိုဒ် ၂ (ခ)နှင့် စပ်လျဉ်း၍ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက မူလပြဋ္ဌာန်းချက်သည် ပြီးပြည့်စုံသည်ဟု ယူဆရပါသဖြင့် အဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိ ရန်တင်ပြပြီး ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်က ပြင်ဆင်ချက်အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်ဇော်က ဦးသောင်းဟန်၏ ပြင်ဆင်ချက်အဆို သည် မူလပြဋ္ဌာန်းချက်ထက် ပိုမိုပြည့်စုံသည်ဟု ယူဆ ပါသဖြင့် လက်ခံနိုင်ပါကြောင်းနှင့် ဦးဝင်းဦးက ဝန်ကြီး ဌာနက လက်ခံသည့်အတိုင်း သဘောတူပါကြောင်း ဖြင့် တင်ပြကြသည်။

သို့ဖြစ်၍ ဦးသောင်းဟန်၏ အဆိုကို ကန့်ကွက်သူမရှိသည့်အတွက် ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ် ၂ (ဃ)နှင့် စပ်လျဉ်း၍ ကန့်ကွက်သူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ် သည်။

အပိုဒ် ၂ (ဆ)နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုဆက်လက်တင်သွင်းရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က လက်ခံနိုင်ပါကြောင်းဖြင့် တင်ပြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ကန့်ကွက်သူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ် သည်။

အပိုဒ် ၂ (ည)နှင့် စပ်လျဉ်း၍ ယင်းမာပင် မဲဆန္ဒနယ်မှ ဦးသောင်းဟန်က ပြင်ဆင်ချက်အဆို တင်သွင်းရာ ဒုတိယဝန်ကြီး ဦးခင်ဇော်က အနှစ်သာရ ပြောင်းလဲမှုမရှိဘဲ ပိုမိုပြည့်စုံသည့်အတွက် လက်ခံနိုင် ပါကြောင်းဖြင့် တင်ပြသည်။

တင်ပြ

အပိုဒ် ၃ နှင့် စပ်လျဉ်း၍ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းနှင့် မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင်တို့က ပြင်ဆင်ချက်အဆိုများ တင်သွင်း ကြရာ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၊ ဟင်္သာတ မဲဆန္ဒနယ်မှ ဦးဌေးဦး၊ ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်နှင့် မုံရွာမဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်းတို့က ဆွေးနွေးကြပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဒေါက်တာစိုင်းကျော်အုန်း၏ ပြင်ဆင်ချက်အဆိုသည် သင့်လျော်မှုရှိပါကြောင်းဖြင့် တင်ပြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ကန့်ကွက်သူမရှိ သည့်အတွက် ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဒုဝိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေက **အပိုဒ် ၅ (ဃ)**နှင့် စပ်လျဉ်း၍ ဖြည့်စွက်လိုကြောင်းနှင့် **အပိုဒ် ၅ (င)** နှင့် စပ်လျဉ်း၍ ပယ်ဖျက်သင့်ပါကြောင်းဖြင့် အဆိုတင်သွင်းရာ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး၊ မြို့မဲဆန္ဒနယ်မှ ဦးဌေးမြင့်၊ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း၊ ဟင်္သာတမဲဆန္ဒနယ်မှ ဦးဌေးဦးနှင့် ညောင်တုန်း မဲဆန္ဒနယ်မှ *စာမျက်နှာ ၆ ကော်လံ ၁* ◆

တက်ရောက်

ပြည်သူ့လွှတ်တော် အစည်းအဝေး ရက် (၅၀) မြောက်နေ့သို့ တက်ရောက် လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဟောလိဝုဒ်သရုပ်ဆောင် ဘရက်ပစ်
အသက် ၅၀ တွင်
သရုပ်ဆောင်လောကမှ အနှားယူမည် ။ စာ-၅



ရေစုကြို ကြက်သွန်နှင့် လူကြိုက်များသဖြင့် မျိုးစေ့များ ရှေးကောင်း ။ စာ-၇

သီတဂူရွှေပြည်တိန်း ဓာတ္တဒါန ဆေးရုံ၌ မျက်စိဝေဒနာရှင်များ အား သတ္တမအကြိမ်မြောက် အခမဲ့ ခွဲစိတ်ကုသ ။ စာ-၇

မြန်မာအလင်း
အယ်ဒီတို့ အာဒေါ်
(၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၄ ရက်)

ထောင်စုနှစ်ဖွဲ့ ပြိုးတိုးတက်ရေးရည်မှန်းချက်များနှင့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော လူဦးရေသည် ကျေးလက်ဒေသများတွင်နေထိုင်ကြ၏။ ထိုသူအများစုမှာ ဆင်းရဲသား တောင်သူလယ်သမားများဖြစ်ကြသည်။ လွန်ခဲ့သောအနှစ် ၂၀ ကျော်က ကျေးလက်ဒေသနေပြည်သူများမှာ ယနေ့မျက်မှောက်ခေတ်ထက်ပိုဖြိး ဆင်းရဲကြသည်။ အကြောင်းမှာမူ ဆည်မြောင်းတာဝန်များကဲ့သို့ လယ်ယာဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများ နည်းပါးခြင်းနှင့် အဘက်ဘက်မှ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရခြင်းကြောင့်ဖြစ်သည်။

ယနေ့ခေတ်တွင်မူ ကျေးလက်ဒေသနေပြည်သူများကို အများဆုံး အထောက်အကူပြုသည့် ဆည်တာမံများ နိုင်ငံတစ်ခုတစ်လျား လက်ညှိုးထိုးမလွဲအောင် တည်ဆောက်ပေးနိုင်ခဲ့ဖြိုဖြစ်၍ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုဘဝမှာ တိုးတက်ပြောင်းလဲလာပြီဖြစ်သည်။

လယ်ယာလုပ်ငန်း၏ အဓိကလိုအပ်ချက်သည် ဖိုက်ယိုးရေရရှိရေးပင်ဖြစ်သည်။ ယခုအခါ ထိုဖိုက်ယိုးရေကို ဆည်မြောင်းတာတမံများမှ ဖြန့်ဝေပေးနိုင်မှုကြောင့် နေ့၊ မိုး၊ ဆောင်း သုံးရာသီပတ်လုံး လယ်သမားတို့ ဖိုက်ယိုးရေးကို ချောချောမောမော လုပ်ကိုင်နိုင်ကြပြီဖြစ်သည်။

ဤသို့ ဖိုက်ယိုးရေးကို ဓောဂါချလုပ်ကိုင်နိုင်ကြသဖြင့် တစ်သီးစားမှ နှစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစားအထိ လုပ်ကိုင်နိုင်ကြ၍ လယ်သမားတို့ ဝင်ငွေတိုးကြရသည်။ အခြေခံစီးပွားရေးကောင်းလာ၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်မှတိုးတက်ကောင်းမွန်လာသည်။

ယခုတစ်ဖန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ဤတိုးတက်မှုအခြေခံကောင်းများမှတစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး ဗဟိုကေမတီတစ်ရပ်ကို ဖွဲ့စည်း၍ လုပ်ငန်းစဉ်(၈)ရပ်ချမှတ်ကာ အရှိန်အဟုန်မြှင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေဖြို ဖြစ်သည်။ အဓိကအားဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ဆက်သွယ်ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး စသည့်နယ်ပယ်ကဏ္ဍများတွင် ထိရောက်သောလုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

ယခုအခါ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းပေါင်း အနည်းဆုံး ၂၃ ခုတို့က ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များချမှတ်လျက် ၂၀၁၅ ခုနှစ် အရောက်တွင် အောင်မြင်အောင်ဆောင်ရွက်သွားရန် သဘောတူထားသည်။ ယင်းထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များတွင် ဆင်းရဲမွဲလျော့ချရေး၊ ကလေးသေဖျောက်မှုလျော့နည်းရေး၊ အေအိုင်ဒီအက်စ်ကဲ့သို့ ကူးစက်ရောဂါများ တိုက်ဖျက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး စသည့်အချက်များ ပါဝင်သည်။

မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး လုပ်ငန်းစဉ်(၈)ရပ်သည် အဆိုပါထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ဖော်ဆောင်ရာလည်း ရောက်ပေသည်။

ထိုသို့ မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး လုပ်ငန်းစဉ်သည် မြန်မာပြည်သူပြည်သားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဟု မြန်မာ့အလင်းက ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ရုံး ကျောင်းကုန်းမြို့နယ်ခွဲပွင့်

ကျောင်းကုန်း နိုဝင်ဘာ ၂၃

မွေးမြူရေးနှင့် ရေလုပ်ငန်း၀န်ကြီးဌာန မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီက ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အဆိုပါနေ့ အဆောက်အအုံသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရောဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်းက မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး အဆောက်အအုံသစ် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး အမွေးနုံသာရည်များ ပတ်ဖျန်းပေးသည်။ **(အမေါ်ပုံ)**

ထို့နောက် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်ကျော်ညွှန့်က ရုံးသစ်ဖွင့်ပွဲ အမှတ်တရလက်ဆောင်များကို တိုင်းဒေသကြီး၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၀၉၁)**

မြန်ပြည်တစ်ခွင် သာစေချင်မီးတွင်မပျေ့နှင့်

တာချီလိတ်မြို့နယ်၌ မီးစပါးစံကွက်ရိတ်သိမ်း

တာချီလိတ် နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု တောင်သူ ဦးကျော်ဝင်း၏ လယ်မြေ ၎င်းကေတွင် မီးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါလယ်မြေတွင် ဆင်းကေရီ(၃) ကို စီးပွားဖြစ် မျိုးသန့်မျိုးစေ့ဖြင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်(၁၄)ချက်နှင့်အညီ စိုက်ပျိုးခဲ့ရာ စံကွက်အရွယ် ၀ ဒသမ ၁၀ ကေ မှ တစ်ကေအထွက်နှုန်း(အခြောက်) ၁၃၃ ဒသမ ၀၄ တင်း ထွက်ရှိခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်ရေကျော်ဦးအောင်ကျော်ဦး၊ ပြည်နယ်မြေစာရင်းဦးစီးမှူး ဦးကျော်တင်၊ စိုက်ပျိုးရေးညွှန်ကြားရေးမှူး အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် ဒေသခံတောင်သူများ လာရောက်ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**

ယခင်နှစ်က အဆိုပါမြေစပါးစိုက် လယ်မြေတွင် ဆင်းကေရီ(၃) မျိုးစပါးပင်ကို မိုရိုးဖလာနည်းအတိုင်း စိုက်ပျိုးခဲ့ရာ အထွက်နှုန်းတစ်ကေ တင်း ၈၀ သာ ထွက်ရှိခဲ့ရာမှ ယခုနှစ်တွင် သိပ္ပံနည်းကျ စိုက်ပျိုးစနစ်ကို လိုက်နာစိုက်ပျိုးခဲ့သည့် အတွက် တစ်ကေလျှင် ၁၃၃ ဒသမ ၀၄ တင်း ထွက်ရှိခဲ့ကြောင်း သိရှိရသည်။ **(၀၆၀)**



ရန်ကုန်တောင်ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်း အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက သန်လျက်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေးက အမှာစကားပြောကြားပြီး တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်ခဲ့မှုများ ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေ ပေးအပ်ပွဲကိုကျင်းပရာ အလှူရှင် ခရိုင်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌက တွဲတေးမြို့ ရွှေဆံတော် ရပ်ကွက် ဓမ္မလင်္ကာရ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ငွေကျပ် ငါးသိန်း၊ မကွေးမြို့နယ် ပုတီးကုန်းကျေးရွာ ရွှေဟောင်းဆုတောင်းပြည့်စေတီတော် ပြုပြင်တည်ဆောက်ရန် ငွေကျပ် ငါးသိန်းကို ခရိုင်သာသနာ့ရေးမှူး ဦးဉာဏ်ဌေးနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(၀၄၉)**

ပုသိမ်မြို့ သမိုင်းဝင် နို့ကြောဓာ ဗျာဒိတ်ပေးဘုရားပွဲတော်ကျင်းပ

ပုသိမ် နိုဝင်ဘာ ၂၃

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ ကျက်သရေတော်ဆောင် သမိုင်းဝင် နို့ကြောဓာဗျာဒိတ်ပေးဘုရားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ပုသိမ်မြို့ နို့ကြောဓာလမ်း ဗျာဒိတ်ပေးဘုရား ကိန်း၀၀၆၈ပယ်တော်မူသည့် ဂန္ဓကုဋိတိုက်တွင် နိုဝင်ဘာ ၂၀ ရက် ၈ နာရီက ကျင်းပရာ အခမ်းအနားကို နေ့ဦးစွာ ရောဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစန်းမောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးလှခိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ၎င်းနောက် နို့ကြောဓာ ဗျာဒိတ်ပေး ဘုရားပွဲတော်ဆိုင်းဘုတ်အား တိုင်းဒေသကြီးစည်ပင်သာယာရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဝင်းနိုင်က စက်ဝလှည်နှိပ်၍ ဖွင့်လှစ်ပေးသည်။ နို့ကြောဓာဗျာဒိတ်ပေးဘုရားပွဲတော်ကို ၂၁-၁၁-၂၀၁၁ ရက်မှ ၄-၂-၂၀၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရှိရသည်။ **(ခရိုင် ပြန့်/ဆက်)**

သုတကမ္ဘာစာကြည့်တိုက် ပန္နက်တင်မင်္ဂလာကျင်းပ

ဖျာပုံ နိုဝင်ဘာ ၂၃

ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် သမိန်ထောသိမ်ကုန်းကျေးရွာ၌ သုတကမ္ဘာစာကြည့်တိုက် ပန္နက်တင်မင်္ဂလာနှင့် နိုင်ငံတော်မတည်အလှူငွေ ပေးအပ်ပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၀၉ နာရီက ပိုင်းက အဆိုပါစာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာနှင့် တောလုံး (ရွှေကျင်) ကျောင်းတိုက် ကျွန်းကျောင်းကြီး မွေ၁၌၌ ကျင်းပသည်။

ပန္နက်ရိုက်ပေး

နွေဦးစွာ ပန္နက်တင်မင်္ဂလာကို စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဌေး၊ ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်း၀၉၊ မြို့နယ်ဦးစီးမှူး ဒေါ်မာမာလွင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဥက္ကာ၊ ရပ်မိရပ်ဖ ဦးကြည်ခိုင်နှင့် တာဝန်ရှိသူများက သတ်မှတ်ရေရာများ၌ ပန္နက်ရိုက်ပေးကြသည်။ **(အောက်ပုံ)**

လက်ခံယူ

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဦးကုတ်ဓမ္မရိပ်သာ ကျောင်းတိုက် ပဓာနနာယကဆရာတော်နှင့် ကျေးရွာပြည်သူများ၏ လှူဒါန်း ငွေကျပ် ၁၃ သိန်းကို ကျေးရွာအုပ်ချုပ်ရေးမှူးက ပေးအပ်သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှငွေးက လက်ခံယူပြီး နိုင်ငံတော်မတည်ငွေကို မြို့နယ်ဦးစီးမှူးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန့်/ဆက်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၁၁-၂၀၁၁
(ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀ ၁။ မြဝတီအဖွင့်
၆း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်ကား
၆း၀၃ ၃။ နိုင်ငံတော်သီချင်း
၆း၀၅ ၄။ မင်းကွန်းဆရာတော်ကြီး၏ ဒေရပ္ပဃ္ဍိ
၆း၂၀ ၅။ ဓမ္မပုဒ်ထေား
၆း၃၅ ၆။ ယျိုးခုစ်တပ်မတော်
၆း၃၀ ၇။ မြန်မာ့ရွှေဝင်း
၆း၄၅ ၈။ မြန်မာသံစဉ်ချိန်းဝင်
၆း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ ဇာတ်လမ်းတို

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်ကား
၄း၀၂ ၃။ နိုင်ငံတော်သီချင်း
၄း၀၃ ၄။ အဖွင့်သီချင်း
၄း၀၀ ၅။ ယျိုးခုစ်တပ်မတော်
၄း၂၀ ၆။ ဇာတ်လမ်းတို
၄း၂၅ ၇။ ခုစ်သုစိုးတွဲ ဘူယှင့်ဖွဲ့
၄း၃၀ ၈။ မွေမြှုသုတ
၄း၃၀ ၉။ ဦးစီးဒီကျော်ကြားတေး
၄း၅၀ ၁၀။ မြန်မာသံစဉ်ချိန်းဝင် ခေတ်ဆန်းတေး
၅း၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **မာယာနတ်ဆင်း** (အပိုင်း-၁၂)
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၅ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၅။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၆။ ကာတွန်းအစီအစဉ်
၇း၀၀ ၁၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ချစ်ခွန်းဖွဲ့သီချင်းသူငယ်** (အပိုင်း-၂၅)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဒို့တာဝန်အရေး(၃)ပါး
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ အနုပညာရှင်၏တစ်နေ့တာ
၂၄။ လျှပ်တစ်ပြက်
၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဆန်ကိုနှင့်ရွှံ** (အပိုင်း-၁၃)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအား ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်နှင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပါလီမန်အဖွဲ့ဝင်များ၏ အာရှဖိုရမ်အမှုဆောင်ဒါရိုက်တာတို့ လာရောက်တွေ့ဆုံ

လာရောက်တွေ့ဆုံ

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad နှင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပါလီမန်အဖွဲ့ဝင်များ၏ အာရှဖိုရမ် (AFPPD) အမှုဆောင်ဒါရိုက်တာ Mr. Shiv Khare တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၃

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad နှင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပါလီမန်အဖွဲ့ဝင်များ၏ အာရှဖိုရမ်(AFPPD) အမှုဆောင်ဒါရိုက်တာ Mr. Shiv Khare တို့သည် ယနေ့ည၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် ပြည်သူ့လွှတ်တော်ကော်မတီအတွင်းရေးမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် အာရှဖိုရမ် (AFPPD) အမှုဆောင်ဒါရိုက်တာက ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များအား လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပါလီမန်အမတ်များအတွက် အာရှဖိုရမ် (AFPPD)၏ လုပ်ပိုင်ခွင့်အာဏာ (Mandate)၊ လှုပ်ရှားဆောင်ရွက်မှုများ (Activities)၊ အဖွဲ့ဝင်ဖြစ်မှု(Membership)လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နယ်ပယ်များတွင် ဖြစ်နိုင်ခြေရှိသော ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများအပေါ် Power Point ဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ (သတင်းစဉ်)

အာရှဖိုရမ် (AFPPD) မှ အမှုဆောင်အရာရှိ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပါလီမန်အမတ်များ၏ အာရှဖိုရမ် (Asian Forum for Parliamentarians on Population and Development (AFPPD) မှ အမှုဆောင်အရာရှိ Mr. Shiv Khare သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad လိုက်ပါ၍ ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးနှံ့သို့ လာရောက်တွေ့ဆုံသည်။ (ဝဲ၌)

ထိုသို့တွေ့ဆုံရာသို့ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် တာဝန်ခံရုံးသူများ တက်ရောက်ကြပြီး အာရှဒေသလွှတ်တော်အတွင်း လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဖွဲ့စည်းထားရှိရေးလုပ်ငန်းတာဝန်များ၊ အဖွဲ့ဝင်သစ်များလျှောက်ထားမှု အခြေအနေ၊ မြန်မာနိုင်ငံ၌ အမျိုးသားအဆင့်လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင် ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်နေမှုအပေါ် ထောက်ခံအားပေးမှုများ၊ ဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရေးအတွက် နည်းပညာနှင့်သင်တန်းများပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာ့ရှေ့ဆောင်ဘဏ်၏ ဘုရင့်နောင်ဘဏ်ခွဲပွင့်ပွဲနှင့် မဃန်စွမ်းကျောင်းများသို့ အလှူငွေနှင့် အထောက်အကူပြုပစ္စည်းများပေးအပ်ပွဲ အခမ်းအနားတက်ရောက်

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်း၌ ကျင်းပသည့် မြန်မာ့ရှေ့ဆောင်ဘဏ်၏ ဘဏ်ခွဲ (၁၁)ခုမြောက် ဘုရင့်နောင်ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရွေးချီစွာ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ တိုင်းဒေသကြီးဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်၊ မြန်မာ့ရှေ့ဆောင်ဘဏ်ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က ဘဏ်ခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး၍ ဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုသည်။

တက်ရောက်

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း လှမူဝန်ထမ်းဦးစီးဌာန လှမူဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဃန်စွမ်းအနုပညာရှင်အဖွဲ့နှင့် တရုတ်သံရုံးတို့မှ မဃန်စွမ်းကျောင်းများသို့ အလှူငွေနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်းဟွာက လှူဒါန်းရသည့်အကြောင်းကို ရှင်းလင်းပြောကြားပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးဌာန(ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တရုတ်မဃန်စွမ်း အနုပညာရှင်အဖွဲ့နှင့် တရုတ်သံရုံးတို့က လှူဒါန်းသော မဃန်စွမ်းကျောင်းများသို့ အလှူငွေနှင့် အထောက်အကူပြုပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ပေးအပ်လှူဒါန်းရာ လှူပွဲဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ မဃန်စွမ်းကျောင်းများကိုယ်စား မသန်စွမ်းကျောင်းသားတစ်ဦးနှင့် ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ရွှေတောင် အ-ဃ-က အကြိမ်(၂၀)မြောက် အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၃

(၂၇၅)ကြိမ်မြောက်ငွေကျပ် ၂၀၀ တန် အောင်ဘာလေ သိန်းဆု ဖွင့်ပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် အမှတ် ၃၈၄ ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဒီဇင်ဘာ ၁ ရက်နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ယနေ့ အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ငွေကျပ် ၁၅ သိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဃန်စွမ်းအနုပညာရှင်အဖွဲ့က ငွေကျပ် ၁၀၂ သိန်းနှင့် အခေရိကန်ဒေါ်လာ ၈၀၀၀ တန်ဖိုးရှိ အထောက်အကူပြုပစ္စည်းများအား လှူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မဃန်စွမ်းသင်တန်းကျောင်း ခြောက်ကျောင်းသို့ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၂၇၅)ကြိမ်မြောက် အောင်ဘာလေသိန်းဆုပွင့်ပွဲ ဆုမဲပေါင်း ၁၅၀၀၇ ဆုပွင့်မည်

တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ သိန်းဆုဖွင့်ပွဲတွင် ငွေကျပ် သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ သုံးဆု၊ ငွေကျပ်သိန်း ၂၀၀ ငါးဆု၊ ငွေကျပ်သိန်း ၁၀၀ (၁၀)ဆု၊ ငွေကျပ် ၁၀သိန်း ၃၇၆ ဆု၊ ငွေကျပ်၆သိန်း ၁၃၃ဆု၊ ငွေကျပ်၅သိန်း ၁၃၃ဆု၊ ငွေကျပ်၄သိန်း ၁၃၃ဆု၊ ငွေကျပ်၃သိန်း ၁၃၃ဆု၊ ငွေကျပ်၂သိန်း ၁၃၃ဆု နှင့် ငွေကျပ်တစ်သိန်း ၁၃၀၁၁ ဆု အပါအဝင် ဆုမဲပေါင်း ၁၅၀၀၇ဆု ဖွင့်မည်ဖြစ်သည်။ (သတင်းစဉ်)

အီရတ်-အာဟရပ်သတင်းများ အီရတ်-အာဟရပ်သတင်းများ အီရတ်-အာဟရပ်သတင်းများ

အီရတ်နိုင်ငံအတွင်း ကျူးလွန်သည့် ပြစ်မှုများအတွက် အရပ်သားများက အမေရိကန်ကိုတရားစွဲ

ဘဂ္ဒဒက် နိုဝင်ဘာ ၂၃

အီရတ်နိုင်ငံအတွင်း ကျူးလွန်သည့်ပြစ်မှုများနှင့် စပ်လျဉ်း၍ အမေရိကန်အစိုးရနှင့် အမေရိကန်တပ်ဖွဲ့ဝင်များအား အီရတ်အရပ်သား ၃၀၀၀ ကျော်တို့က တရားစွဲထားကြောင်း ရာဇက်အယ်အဘာဒီဂေါ် အီရတ်ရှေ့နေများအဖွဲ့က ကြေညာသည်။

တရားစွဲဆို

၂၀၀၃ ခုနှစ် မတ်လမှစတင်ကာ အီရတ်ကို အမေရိကန်ဦးဆောင်သည့်တပ်များ သိမ်းပိုက်ထားစဉ်အတွင်း အီရတ်အရပ်သားများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့်ပတ်သက်ပစ္စည်းများဖျက်ဆီးမှုတို့ဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များအား တရားစွဲဆိုလိုက်ခြင်းဖြစ်သည်။

အရပ်သားများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် အမေရိကန်တပ်ဖွဲ့ဝင်များအား တရားစွဲဆိုရန် အီရတ်ပြည်သူများ၌ အခွင့်အရေးရှိကြောင်း အဆိုပါအီရတ်ရှေ့နေများအဖွဲ့က ကြေညာသည်။ ကျူးလွန်သူနှင့်တကွ ကျူးကျော်ပြီး အကြမ်းဖက်ဖျက်ဆီးမှုများအတွက် အီရတ်ကိုလျော်ကြေးပေးရမည်ကို သူတို့သိထားကြကြောင်း အီရတ်ရှေ့နေများအဖွဲ့က ကြေညာသည်။ **(အင်တာနက်)**

နေတိုးတပ်ဖွဲ့ဝင်နှစ်ဦး အာဖဂန်နစ္စတန်၌ ထပ်မံသေဆုံး

ကာဗူးလ် နိုဝင်ဘာ ၂၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် သီးခြားတိုက်ခိုက်မှုများ၌ အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်နှစ်ဦး ထပ်မံသေဆုံးကြောင်း နိုင်ငံတကာလုံခြုံရေးကူညီမှုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)က ကြေညာသည်။ **(အပေါ်ပုံ)**

နိုဝင်ဘာ ၂၁ ရက်က အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုတွင် နေတိုးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ထိုနေ့က လမ်းဘေးဗုံးခွဲခဲ့တိုက်ခိုက်မှုတွင် တပ်ဖွဲ့ဝင်နောက်တစ်ဦးသေဆုံးခဲ့ကြောင်း အိုင်အက်စ်အေအက်ဖ်၏ နိုဝင်ဘာ ၂၂ ရက်က ကြေညာချက်တွင် ဖော်ပြသည်။ အဆိုပါကြေညာချက်တွင် သေဆုံးသူတပ်ဖွဲ့ဝင်များ၏ လူမျိုးတိုက်ခိုက်ခံရသည့်နေရာတို့ကို ဖော်ပြထားခြင်းမရှိဟု ဆိုသည်။

အဆိုပါတပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုလအတွင်း ယခုအချိန်အထိ သေဆုံးသည့်နိုင်ငံခြားတပ်ဖွဲ့ဝင်ဦးရေ ၂၂ ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အာဖဂန်၌ သေဆုံးသည့် ပြိတိန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၃၈၉ ဦးရှိသွားပြီ

ကာဗူးလ် နိုဝင်ဘာ ၂၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန်ဖြည်နယ်အတွင်း ဗုံးခွဲတိုက်ခိုက်မှုဖြင့် အမေရိကန်ဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေးကူညီမှုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ ပြိတိန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ဟဲလ်မန်ဖြည်နယ် နာဒီးဆာရက်ခရိုင်အတွင်း အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ အဆိုပါ ပြိတိန်တပ်ဖွဲ့ဝင်က နိုဝင်ဘာ ၂၀ ရက်တွင် ပုံးတွဲခြေလျင်ကင်းလှည့်စဉ် ဗုံးခွဲတိုက်ခိုက်ခံလိုက်ရခြင်းဖြစ်သည်။ **(ဝဲဘဲ)** ၂၀၀၁ ခုနှစ် အောက်တိုဘာလမှစ၍ အာဖဂန်နစ္စတန်နိုင်ငံ၌ တာဝန်ထမ်းဆောင်ရင်း ကျဆုံးသွားသော ဗြိတိန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၈၉ ဦးရှိသွားပြီဖြစ်သည်ဟုဆို၏။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၃-၁၁-၂၀၁၁

တင်မောင်လွင် -- စုစည်းသည်

တိုယိုတာမော်တော်ယာဉ်ထုတ်လုပ်မှု ပုံမှန်နီးပါးပြန်လည်ရောက်ရှိ

ထိုင်းနိုင်ငံ၌ ဆိုးရွားစွာရေလွှမ်းမှုကြောင့် တိုယိုတာမော်တော်ကားများ ရေးကွက်ဖရဲဖရဲဖြစ်ပြီးနောက် ဂျပန်နိုင်ငံအတွင်း တိုယိုတာမော်တော်ယာဉ်ထုတ်လုပ်မှုကို ထိခိုက်ခဲ့ရသော်လည်း နိုဝင်ဘာ ၂၁ ရက်က ပုံမှန်အဆင့်နီးပါး ပြန်ရောက်သွားပြီဖြစ်ကြောင်း တိုယိုတာမော်တော်ကားကုမ္ပဏီက နိုဝင်ဘာ ၂၂ ရက်၌ ကြေညာသည်။ ပြီးခဲ့သည့်လက ရာသီဥတုဖောက်ပြန်မှုနှင့် ရေကြီးမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ တိုယိုတာကုမ္ပဏီခွဲများအနေဖြင့် မော်တော်ယာဉ်ထုတ်လုပ်မှုကို လျော့ချလိုက်ရသည်။ ထိုင်းနိုင်ငံတွင် ဆယ်နှစ်မများအတွင်း အဆိုးရွားဆုံး ရေလွှမ်းမှုကြောင့် စီးပွားရေးလုပ်ငန်းအများအပြား ပိတ်ထားလိုက်ရသည်။

တရုတ်နိုင်ငံ၌ သင်္ဘောတစ်စင်းနှစ်ဖြုပ်၊ ခုနှစ်ဦးပျောက်ဆုံး

တရုတ်ပင်လယ်တောင်ပိုင်း ရှီရှားကျွန်းများအနီးတွင် နိုဝင်ဘာ ၂၁ ရက်က တောင်ကို ရီးယားသင်္ဘောတစ်စင်းနှစ်ဖြုပ်ခဲ့ရာ လူခုနစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဗေဒနိုပြည်နယ်အာဏာပိုင်များက နိုဝင်ဘာ ၂၂ ရက်၌ ပြောကြားသည်။ Bright Ruby အမည်ရှိ အဆိုပါသင်္ဘောသည် ယင်းနေသောစင်တော်ချိန် ညနေ ၆ နာရီ မိနစ် ၄၀ ခန့်က လူ ၂၁ ဦးနှင့်အတူ ယောင်ဒီးကျွန်းအနီး၌ နစ်မြုပ်သွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းနစ်မြုပ်မှုကြောင့် ရေယာဉ် ၁၀ စင်းနှင့် လေယာဉ်ခုနစ်စင်းကို စေလွှတ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၁၄ ဦးအား ကယ်တင်နိုင်ခဲ့ပြီး ကျန်ခုနစ်ဦးမှာ ဆက်လက်ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ပြည်နယ်ရေကြောင်းပို့ဆောင်ရေးဌာနက ပြောကြားသည်။

ကွန်ဂိုအရှေ့တောင်ပိုင်း၌ ယာဉ်တစ်စီးတိမ်းမှောက်၊ ၁၀ ဦးသေဆုံး

ကွန်ဂိုနိုင်ငံအရှေ့တောင်ပိုင်း ကတ်ဘင်ဂါပြည်နယ်ရှိ လမ်းတစ်လမ်း၌ ယာဉ်တော်တဆတိမ်းမောက်မှုကြောင့် အနည်းဆုံး လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က နိုဝင်ဘာ ၂၂ ရက်တွင် အတည်ပြုပြောကြားသည်။ အဆိုပါမတော်တဆမှုသည် နိုဝင်ဘာ ၂၁ ရက်က ဘုကာမာမှ လူတစ်ဘတ်ရှိသော်သို့ ပြေးဆွဲနေသည့် ပို့ဆောင်ရေးယာဉ်တစ်စီး အရှိန်လွန်မှုကြောင့် လီကာစီ-လူတစ်ဘတ်ရှိလမ်းရှိ လွန်ဘိုမြစ်အတွင်းသို့ထိုးကျ၍ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ ဂျာခန်းပြည်နယ်၌ ရထားမီးလောင်

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဂျာခန်းပြည်နယ်တွင် နိုဝင်ဘာ ၂၂ ရက်က အမြန်ရထားတစ်စင်း၏ တွဲနှစ်တွဲရုတ်တရက်မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံး ခုနစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါမီးလောင်မှုသည် လေအေးပေးစက်တပ်ဆင်ထားသည့် ရထားတွဲတစ်တွဲ၌ ရုတ်တရက်ဖြစ်ပွားခဲ့ပြီး အခြားရထားတွဲတစ်တွဲအား မီးကူးစက်လောင်ကျွမ်းမှုကြောင့် ကလေးငယ်နှစ်ဦးအပါအဝင် လူခုနစ်ဦးသေဆုံးခဲ့ကြောင်း၊ သေဆုံးသူများတွင် အသက်ငါးနှစ်အရွယ် ရှုများမိန်းကလေးငယ်တစ်ဦးလည်း ပါဝင်ခဲ့ကြောင်း မီးရထားဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ စက်ရှိကူးမားက ဒီဒီယာများအား ထုတ်ဖော်ပြောကြားခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မိုးဖြင့်လင်းလာ့ -- စုစည်းသည်

အီတလီနိုင်ငံတွင် မိုးသည်းထန်၍ မြေပြိုမှုဖြစ်ပွား၊ လူသုံးဦးသေဆုံး

ကာလဘာရီးယား နိုဝင်ဘာ ၂၃

အီတလီနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းသဖြင့် မြေပြိုမှုများဖြစ်ပွားခဲ့သည်။ ကာလဘာရီးယားနယ်ဘက်တွင် ခုတ်မောင်းနေသည့် ခရီးသည်တင်ရထားတစ်စင်း လမ်းချော်ခဲ့ရသည်။

ယင်းဖြစ်စဉ်ကြောင့် မော်စီနားပြို့မှ ၂၅ ကီလိုမီတာ အကွာတွင်ရှိသည့် ဆာပို့နာရာပြို့တွင် အိမ်ပျက်စီးပြိုကျသဖြင့် ၁၀ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးနှင့် အသက် ၅၀ နှင့် အသက် ၂၅ နှစ်အရွယ်ရှိ သားအဖနှစ်ဦးတို့ သေဆုံးကြောင်း၊ လူနှစ်ဦးလည်း ပျောက်ဆုံးနေကြောင်း အီတလီမီဒီယာတွင် နိုဝင်ဘာ ၂၃ ရက်က ဖော်ပြသည်။

ဆာပို့နာရာပြို့ တောင်မြင့်ပိုင်းရှိ အိမ်အချို့ မြေပြိုကျ၍ ပျက်စီးပြိုလဲခဲ့ရာ ရွှံ့နံရံများနှင့် အကျိုးအပဲ့များကို ဖယ်ရှားရှင်းလင်းရာ၌ မြေကော်စက်များပင် အသုံးပြု သော်လည်း ဆိုးရွားသည့် အခြေအနေကြောင့် အခက်အခဲတွေ့နေရသည်။ **(အောကိပုံ)**

ဆီဆဲလ်လီဒေသတွင် ကယ်ဆယ်ရေးသမားများနှင့် စေတနာ၃ဝန်ထမ်းများ ရာပေါင်းများစွာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိနေကြောင်း လာရီပတ်ဘလစ်ကာသတင်းစာတွင် ဖော်ပြသည်။ **(အင်တာနက်)**

တရုတ်တောင်ပိုင်း၌ အဆောက်အအုံပြိုကျ ခြောက်ဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရ

ကွမ်ကျို နိုဝင်ဘာ ၂၃

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်တွင် ဆောက်လုပ်ဆဲ အဆောက်အအုံတစ်လုံး နိုဝင်ဘာ ၂၂ ရက်က ပြိုကျသဖြင့် လူခြောက်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိသွားကြောင်း ကယ်ဆယ်ရေးလုပ်သားများက ပြောကြားသည်။ **(ဝဲဘဲ)**

ပိတ်ဓိ

ကွမ်တုန်ပြည်နယ် ရွန်ဝေမြို့ရှိ အဆိုပါအဆောက်အအုံမှာ နိုဝင်ဘာ ၂၂ ရက် ညနေ ၄ နာရီခန့်က ပြိုကျခြင်းဖြစ်ပြီး လူပေါင်း ၁၃ ဦး အပျက်အစီးများကြားသို့ ပိတ်မိသွားကြောင်း ရွန်ဝေမီးသတ်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သေဆုံး

အပျက်အစီးများကြားမှ ဆွဲထုတ်ပြီးနောက် ဒဏ်ရာရသူများကို ဆေးရုံသို့ အမြန်တင်ပို့သော်လည်း ခြောက်ဦးမှာ ည ၉ နာရီတွင် သေဆုံးခဲ့သည်။

ဘက်တစ်ခု၏ သင်တန်းဆောင်အဖြစ် တည်ဆောက်သည့် ယင်းအဆောက်အအုံမှာ ကိုးထပ်အထိ ဆောက်လုပ်ပြီး စီးခဲ့ကြောင်း၊ ပြိုကျသည့်အထပ်မှာ စတုတ္ထအထပ်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **(အင်တာနက်)**

အင်ဒိုနီးရှားရှိ လေယာဉ်ပျက်ကျ တွဲဖက်လေယာဉ်မှူး သေဆုံး

ဂျကာတာ နိုဝင်ဘာ ၂၃

ဆူဒီလေကြောင်းပိုင် လေယာဉ်ဝယ်တစ်စင်းသည် အင်ဒိုနီးရှားနိုင်ငံ ပါပူအာဒေသတွင် နိုဝင်ဘာ ၂၃ ရက် နံနက်က ပျက်ကျသဖြင့် တွဲဖက်လေယာဉ်မှူး သေဆုံးပြီး လေယာဉ်မှူး အပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ပါပူအာရှာဖွေရေးနှင့်ကယ်ဆယ်ရေးရုံး အကြီးအကဲ ဆမ်ပီနိုယူပိုနိုက ပြောကြားသည်။

ပြောကြား

အီနိုရတာလီခရိုင် ဘိုင်လက်ဒေသရှိ တောင်ကို လေယာဉ်ဝင်တိုက်မိပြီး ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဆမ်ပီနိုယူပိုနိုက ပြောကြားလိုက်သည်။ အဆိုပါလေယာဉ်မှာ တောင်ကိုဝင်တိုက်ပြီးနောက် ပျက်ကျကာ မီးလောင်ခဲ့ကြောင်း။ မီးသတ်သမားများက မီးငြိမ်းသတ်ခဲ့ရကြောင်း **(ယာဟူ)** ဆမ်ပီနိုယူပိုနိုက တယ်လီဖုန်းဖြင့် သတင်းဌာနသို့ ပြောကြားခဲ့သည်။ **(အင်တာနက်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Datang Overseas Investment Co., Ltd. President နှင့်အဖွဲ့ ပြည်ထောင်စုဝန်ကြီး ဦးစော်မင်းအား လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Datang Overseas Investment Co., Ltd. President Mr. Duan Zhongmin နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသော လျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာ၌ ဒုတိယဝန်ကြီး ဦးမြင့်မော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Datang Overseas Investment Co., Ltd. မှ Vice- President Mr. Jiang Jianping နှင့်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Datang Overseas Investment Co., Ltd. President Mr. Duan Zhongmin လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံဖြင့်အား ကုလသမဂ္ဂလုံခြုံရေးကောင်စီ အကြမ်းဖက်ဒဏ်ခံမဟာမိတ် အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးရုံးမှ ဒုတိယအလုပ်အမှုဆောင်ညွှန်ကြားရေးမှူးတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၃

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား ကုလသမဂ္ဂလုံခြုံရေးကောင်စီ အကြမ်းဖက်ခံမဟာမိတ်ရေးကော်မတီ (CTED) ၏ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူးရုံးမှ ဒုတိယအလုပ်အမှုဆောင်ညွှန်ကြားရေးမှူး (ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်) Mr. Weixiong Chen နှင့်အဖွဲ့သည် ယနေ့ညနေ ၃နာရီခွဲတွင် ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အမေါ်ပုံ)** မြန်မာနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ်ခင်မောင်စိ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သွားနှင့်ခံတွင်းပညာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆရာဝန်အသင်း(ဗဟို)က ကြီးမှူး၍ သွားနှင့်ခံတွင်းပညာရပ်ဆိုင်ရာ ဟောပြောပွဲကို နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနေ့) မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း၌ ရှိ UMFCCI Office Tower ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါဟောပြောပွဲတွင် ဒေါက်တာအောင်မြင့်က Dental Practice Management ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ပြီး သွားနှင့်ခံတွင်းပညာရပ်ဆိုင်ရာ ဆရာဝန်များနှင့် ကျောင်းသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းခဲ့ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အမှတ် ၂၂၈ သိမ်ဖြူလမ်း ဝိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည် ဖြစ်သည်။ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက ဖုန်း -၀၁-၃၉၈၇၅၆၊ ၀၁-၃၇၁၄၂၂ နှင့် ၀၁-၂၀၁၉၃၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ **(သတင်းစဉ်)**

မြန်ပြည်တစ်ခွင်သာဓေချင်း မီးတွင်မပေါ့နှင့်

မော်လမြိုင်မြို့၌ ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအေးဖြင့် တက်ရောက် အမှာခကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၃

တနိုင်ငံလုံး၏ စီးပွားရေးအဆောက်အအုံကြီးတစ်ခုလုံး ပြောင်းလဲတိုးတက်နိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် ဖြည်းသင့်သည့် ဥပဒေ၊ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာကဏ္ဍာအလိုက် လေ့လာပြုစုပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်ဒေသကုန်ထုတ်လုပ်ငန်းများ တိုးတက်မှုနှင့် စီးပွားရေးတိုးတက်မှုတို့သည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှသာလျှင် ဆင်းရဲနွမ်းပါးမှုမှာလည်း လျော့ကျ လာမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ဆန့်ပေါက်ကိုသာမက ပဲများစုံနှင့် နှမ်းစသော ဝင်ငွေရသီးနှံများကို ပိုမိုစိုက်ပျိုးလာနိုင်ပြီး ဝင်ငွေပိုမိုရရှိလာကာ ကမ္ဘာ့ကုလားမဂ္ဂ ဖွံ့ဖြိုးမှုပန်းတိုင်ကို အဓိလိုက်နိုင်မည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု ကျွန်းကိန်းများသည်လည်း လျော့ကျလာမည်ဖြစ်ကြောင်းဖြင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးဖြင့်က နိုဝင်ဘာ ၁၄ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့၌ ပြည်နယ်ခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျော့ချရေးလုပ်ငန်း ညှိနှိုင်းအစည်းဝေးသို့ တက်ရောက်၍ ဆွေးနွေးတြေးကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ လက်ရှိ ဒီဝန်ညီးပညာဖြင့် သုတေသနပြု ထုတ်လုပ်ထားသော ဇီဝထုတ်ကုန်ပစ္စည်းများဖြစ်သည့် လွှေဇီသဘာဝဓမြေဩ၊ လွှေဇီသဘာဝဓမြေဩ၊ လွှေဇီသဘာဝဓမြေဩ၊ အသီးပွင့်အားဖြည့် ဇီဝမြေဩ၊ လွှေစိမ်းအပင်နှင့် အသီးအပွင့် အားဖြည့်ဆေးရည်လွှေဆည်ရည်သဘာဝသီးနှံအားဆေး၊ လွှေပိုးနှင့် ဇီဝပိုးသတ်ဆေးရည်၊ ဒီဝနည်းပညာဖြင့် ဒီဝတတ်ဌေ့ (Bio-gas)ထုတ်လုပ်ခြင်း၊ နေရောင်ခြည်စွမ်းအင် (Solar Energy) ကို အသုံးပြု၍ လျှပ်စစ်စွမ်းအင်ရရှိအောင် ပြုလုပ်ခြင်း စသည်တို့ကို လက်တွေ့အသုံးချခြင်းနှင့် နိုင်ငံခြားမိုးစပ်ထားသော နို့စားနွားနှင့် အသားစား နွားမွေးမြူရေးလုပ်ငန်းများဖြင့် မွန်ပြည်နယ်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေး လုပ်ငန်းများကို အထောက်အကူပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေး အထောက်အကူပြုပစ္စည်းများ အား အသုံးချနိုင်မှုများကို လက်တွေ့ပြသ ခဲ့ပြီး ဇီဝမြေဩအဖြာဖြာတို့ ၁၀၀၀ကို လျှပါးနိုး ခဲ့ကြောင်း သတင်းရရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရင်းနှီးမတည်ငွေများကို သက်ဆိုင်ရာ လုပ်ငန်းအသီးသီးသို့ ထုတ်ဆေးပေးနိုင်ရန် မွန်ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မုံရွာမြို့နယ်ရှိ ဘဲရမ်းကုန်ထုတ်လယ်ယာအသင်း၏ နွား၊ ကြက်၊ ဘဲနှင့် ဝက် မွေးမြူရေးဒြတိုက်ကို ကြည့်ရှုစစ်ဆေးပြီး ဘဲရမ်းကုန်ထုတ်လယ်ယာအသင်း၏ စံပြစပါးစိုက်ကွင်း ၈၀ ရှိ စပါး ရိတ်သိမ်းခြင်းလေ့ကျင့်ခြင်း ရိတ်သိမ်းနေ့မှ ကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နည်းပညာတက္ကသိုလ် (မော်လမြိုင်)သို့ ရောက်ရှိပြီး စာသင်နှန်းများ လက်တွေ့ဘန်းများနှင့် စက်ပြဿိုက်ကို တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်တို့သည် နိုဝင်ဘာ ၁၅ ရက်တွင် ပေါင်မြို့နယ်ရှိ မြန်မာစုစိုက်ပျိုးရေးလုပ်ငန်း ကျါကဉယျာပြိုပြဲ ခြံလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုပြီး အသင်းဝင် ၁၆ ဦး ပါဝင်သော ကျါကဉယျာပြိုပြဲ သီးနှံကုန်ထုတ်အသင်းသားများနှင့် တွေ့ဆုံကာ အသင်းအတွက် ဆွေးငွေးကျပ်သိန်း ၂၀၀ကို ပေးအပ်၍ ကွန်ယူကာတက္ကသိုလ် (သထုံ)ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၆ ရက်တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ဖွင့်လှစ်သော သိပ္ပံနှင့် နည်းပညာ တက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရဆက်လက်မူသိပ္ပံများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ မော်ကွန်းထိန်းများနှင့် ငွေစာရင်းတာဝန်ခံများအတွက် စီမံခန့်ခွဲမှုမွမ်းမံသင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟောလိဝုဒ်သမ္မပ်ဆောင် ဘရက်ပစ်၊ အသက်၅၀တွင် သမ္မပ်ဆောင်လောကမှအနားယူမည်

ကောင်းမြတ်သူ – ရေးသားသည်

လန်ဒန် နိုဝင်ဘာ ၂၃

ဟောလိဝုဒ်ရဲ့ နာမည်ကြီး သရုပ်ဆောင် ဘရက်ပစ်က သူအနေနဲ့အသက်၅၀ရောက်ရင် သရုပ်ဆောင်လောကမှ အနားယူဖို့ စီစဉ်ထားတယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ **(ယာဟူ ဘရက်ပစ်နှင့်ဂျိုလီ)**

သူဟာ နောက်ထပ်သုံးနှစ်လောက်သာ သရုပ်ဆောင်အလုပ်ကိုလုပ်ဖို့ ဆန္ဒရှိတဲ့အကြောင်း သြဇာတြေးလူနိုင်ငံမှာ ရောက်တုန်းရောက်ခိုက် 60 minutes လို့ အမည်ရတဲ့ သတင်းဂျာနယ်နဲ့တွေ့ဆုံမေးမြန်းရာမှာ ထုတ်ဖော်ပြောကြားလိုက်တာ ဖြစ်ပါတယ်။ အသက် ၇၇နှစ်ရှိပြီဖြစ်တဲ့ သရုပ်ဆောင် ဘရက်ပစ်ဟာ Moneyball လို့ အမည်ရတဲ့ ဇာတ်ကားကို နောက်ဆုံးရိုက်ကူးထားပါတယ်။ ဒီဇာတ်ကားဟာ ရုန်းကန်ကြိုးစားနေရတဲ့ ဘေ့စ်ဘောအသင်းတစ်သင်းအကြောင်း ရိုက်ကူးထားတာ ဖြစ်ပါတယ်။ ဘရက်ပစ်ပါဝင်သရုပ်ဆောင်ထားတဲ့ ဒီဇာတ်ကားဟာ အော်စကာဆု ဆွတ်ခူးနိုင်လိမ့်မယ်လို့လည်း မြောဆိုနေကြပါတယ်။

ရိုက်ကူးခဲ့

ဘရက်ပစ်ဟာ Moneyball, The Tree of Life, Kick-Ass, The Time Traveller's Wife, World Warz ဇာတ်ကားတွေအပါအဝင် ဇာတ်ကားပေါင်း တစ်ဒါဇင်ကျော် ရိုက်ကူးခဲ့ပါတယ်။ သရုပ်ဆောင် အိန်ဂျလီနာဂျိုလီနဲ့ ကလေးတွေ ထပ်ယူသွားဖို့စဉ်းစားနေတယ်လို့လည်း ဘရက်ပစ်က 60 minutes ကို ပြောပါတယ်။ သူတို့နှစ်ဦးဟာ လောလောဆယ် မွေးစားကလေးသုံးယောက်နဲ့ သားသမီးအရင်းသုံးယောက် အားလုံးပေါင်း ကလေးခြောက်ယောက် မွေးထားပါတယ်။ **(အင်တာနက်)**

◆ ရွှေဖိုးမှ

ဦးအောင်မြသန်းတို့ကဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ပါကြောင်းနှင့် ပြင်ဆင်ချက်အဆိုများအား မြန်လည်ရုပ်သိမ်းပေးစေလိုကြောင်း တင်ပြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဦးမင်းဆွေက ၎င်း၏အဆိုကို ရုပ်သိမ်းလိုကြောင်းနှင့် မှတ်တမ်းတင်ပေးစေလို ပါကြောင်းဖြင့်တင်ပြရာ လွှတ်တော်က မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန်နှင့် အဆိုပြုချက်များအား မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

တင်ပြ

အပိုဒ် ၆ (ဂ)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်က အဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိရန် အဆိုတင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က သဘောတူထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ယင်းအပိုဒ်ခွဲနှင့်စပ်လျဉ်း၍ ဒွေးပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက ပြင်ဆင်ချက်အဆိုတင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဦးတင်မောင်ဦး၏ ဖြည့်စွက်တင်ပြချက်သည် ဆီလျော်မှန်ကန်မှုရှိပါကြောင်းဖြင့် တင်ပြသည်။

အပိုဒ် ၆ (ဃ)နှင့်စပ်လျဉ်း၍ ပုတာအိုမဲဆန္ဒနယ်မှ ဦးယောဒီဒွေ့က ပြင်ဆင်ချက်အဆိုတင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဖြည့်စွက်သင့်ပါကြောင်းဖြင့် တင်ပြသည်။

အပိုဒ် ၆ (ဂ၊ ဃ)တို့နှင့်စပ်လျဉ်းသည့်အဆိုများအား ကန့်ကွက်သူမရှိသည့် အတွက် ယင်းပြင်ဆင်ချက်အဆိုများ အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ် ၁၀ (က) (၁)နှင့် စပ်လျဉ်း၍ ပုတာအိုမဲဆန္ဒနယ်မှ ဦးယောဒီဒွေ့က ပြင်ဆင်ချက်အဆိုတင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က "ကေ၏ ၇၅ ရာခိုင်နှုန်း"ဟူသောစာသားအား ထပ်မံထည့်သွင်းရန် မလိုကြောင်းနှင့် "အမှန်တကယ် စိုက်ပျိုးမည့်ကေအား"ဟူသောစာသားအား ကန့်ကွက်ရန်မရှိပါကြောင်းဖြင့် တင်ပြပြီး မြတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်က ဆက်လက်ဆွေးနွေးတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ထောက်ခံသူ များသည့်အတွက် ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ် ၁၀ (က) (၃)နှင့်စပ်လျဉ်း၍ မြတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်က ပြင်ဆင်ချက်အဆိုတင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အပိုဒ်ခွဲငယ်အစဖြစ်သည့် "ရာသီသီးနှံဖြစ်ပါက"၏ရှေ့တွင် "စက်မှုကုန်ကြမ်း"ဟူသော စာသားအား ဖြည့်စွက်ပြီး ပါက ဦးဌေးမြင့်၏ပြင်ဆင်ချက်အား ကန့်ကွက်ရန်မရှိပါကြောင်းဖြင့် တင်ပြသည်။

(၉၁) နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

၂၀၁၁ ခုနှစ် (၉၁) နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် အထက(၁)ကေစီခရိုင်၌ နိုဝင်ဘာ ၂၀ ရက်နှင့် ၂၁ ရက် နေ့ခင်ရီက ကျင်းပရာ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော (၉၁) နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က ဖတ်ကြားသည်။ ဆက်လက်၍ အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲဆုရ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၇ ဦးကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် မြန်/ဆက်)

နိုဝင်ဘာ ၂၀ ရက်က စီးပွားရေးတက္ကသိုလ်(၁၉၉၄-၁၉၉၅)ဘွဲ့ရများ ဦးဆောင်သောအဖွဲ့၏ နှစ်ပေါင်းများစွာ ရန်ကုန်မြို့ လှိုင်သာယာ မြို့နယ် တပင်ရွှေထီးလမ်းသွယ်(၁)၌ ကျင်းပရာ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခ ဒေါက်တာ ဦးလေးကြည်က **Globalization and Recession** ခေါင်းစဉ် ဖြင့် ဆွေးနွေးစဉ်။ (မြန်မာ့အလင်း)

ဆုံးဖြတ်

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကန့်ကွက်သူမရှိသည့်အတွက် ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ် ၁၀ (က) (၄)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်၊ ဒွေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးနှင့် ပုတာအိုမဲဆန္ဒနယ်မှ ဦးယောဒီဒွေ့တို့က ပြင်ဆင်ချက်အဆိုများတင်သွင်းကြရာ မြတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်က ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ၁၀ ကေကိုသာ သတ်မှတ်သင့်ပါကြောင်းနှင့် "ဒေသ အဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုနိုင်ရန်အတွက် စီမံဆောင်ရွက်နိုင်သည်"ဟုသော စာသားကို ကန့်ကွက်ရန်မရှိပါကြောင်းဖြင့် တင်ပြသည်။

ယင်းအဆိုများနှင့် စပ်လျဉ်း၍ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန်းနှင့် မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်းတို့က ဆက်လက်ဆွေးနွေး တင်ပြကြသည်။

ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အဆိုနှင့်စပ်လျဉ်း၍ ကန့်ကွက်သူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ယနေ့ဆွေးနွေး ဆောင်ရွက်သည့် **မြေလွှတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ နိုဝင်ဘာ ၂၄ ရက်တွင် ဆက်လက်ဆွေးနွေးဆောင်ရွက်မည် ဖြစ်ကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီတွင်ရပ်နားပြီး အစည်းအဝေး (၅၁)ရက် မြောက်နေ့ကို နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃ဂုဂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် (အဖိတ်ရေ)

၂၄-၁၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀ ၁။ ကောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ဟရိတ်တရားတော်

၆း၂၅ ၂။ ကျန်းမာအို့အဂုဏာစီ့

၆း၃၀ ၃။ နံနက်ခင်းသတင်း

၆း၄၀ ၄။ သတ္တဌာန (ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)

၆း၅၀ ၅။ သံသာရွိုးအေးမင်္ဂလာတေး

၈း၀၀ ၆။ သက်ရည်ကျန်းမာလေ့ကျင့်ပါ

၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၈း၂၀ ၈။ အကယဒေသာ

၈း၃၀ ၉။ အကဖြိုင်ပွဲ

၈း၄၀ ၁၀။ International News

၈း၄၅ ၁၁။ တေးဂီတအစီအစဉ်

၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၁၀ ၂။ တေးဂီတအစီအစဉ်

၄း၂၀ ၃။ ချစ်စရာအရွယ် ကကြိုးသွယ်

၄း၃၀ ၄။ အက်ိုးဖြိုင်ပွဲ

၄း၄၀ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ

၄း၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (မြန်မာမူပညာ အထူးပြု) (မြန်မာမူပညာ)

၅း၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရင်သန့် ထက်မြက်ရေးတေးများ

၅း၁၅ ၈။ ငှက်တစ်သောင်း

၅း၃၅ ၉။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်

၅း၄၅ ၁၀။ စွယ်တော်မြတ်မှု ပါရမီထူးဖြင့် နိဗ္ဗာန်ကမ်းဆီ လှမ်းကြမည်

၆း၁၀ ၁၁။ ညနေခင်းသတင်း

၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ

၆း၂၀ ၁၃။ ယျော်ရွှင်စေသောနေ့ရက်များ မျိုး- (အပိုင်း-၂)

၆း၃၅ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း

၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (ဒုတိယတွဲ) (အပိုင်း-၈)

၈း၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ အစာလည်ပေး၊ ဆေးလည်ပေးအစာ

၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရောသူမလေး ရောက်ဆုံးချစ်ပုံပြင်** (ဒုတိယတွဲ) (အပိုင်း-၂၀)

၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၁၀)

၂၂။ အစီအစဉ်ပြီး၏။။

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဒသမနေ့)ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၃

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒသမနေ့)ကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ သရေစည်သူဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ် (၆၅) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ စည်ပင်သာယာလုပ်ငန်း ကျေးလက်လမ်း၊ တံတားများ ဆိုင်ရာမေးခွန်း(၅)ခု ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း၊ တံတားပြဋိဘင်္ဂခြင်း၊ စက်မူလက်မှု လျှပ်စစ်လုပ်ငန်းများဆိုင်ရာ မေးခွန်း (၁)ခု၊ ရေကာတာ၊ မြေစာရင်း၊ စိုက်ပျိုးရေး၊ ဘက်ခွေးငွေလုပ်ငန်းများ ဆိုင်ရာ မေးခွန်း(၁၃)ခုနှင့် မြေဂရန်၊ ယစ်မှီးဆိုင်ရာကိစ္စများဆိုင်ရာ မေးခွန်း (၂)ခု စုစုပေါင်း မေးခွန်း(၂၄)ခုကို သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း။ နိုဝင်ဘာ ၁၆ရက်က တင်သွင်းခဲ့သော "ကျေးလက်ဒေသများတွင် လိုင်စင်ရအရောက်ဆိုင်နှင့် ဆိုင်ခဲ့များလျှော့ချပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေပိုမိုစုဆောင်းနိုင်သည့် နည်းလမ်းချမှတ်ပေးရေး" အဆို၊ နိုဝင်ဘာ ၁၅ရက်က တင်သွင်းခဲ့သော "ကမ်းပြိုကမ်းစားကာကွယ်မှုကို နည်းပညာများဖြင့် ထိရောက်စွာကာကွယ်ပေးရန်နှင့် မြစ်ကျောက်ထုတ်လုပ်သည့်လုပ်ငန်းစနစ်တကျဖြစ်စေရေး ထိန်းသိမ်းပေးပါရန်"အဆိုနှင့် "ဧရာဝတီတိုင်းဒေသကြီး မြန်မာနိုင်ငံရတပ်ဖွဲ့ဝင်များ ရဲအက်ဥပဒေ (၃၅)ကို ပြဋ္ဌာန်းချက်အတိုင်း အရေးယူဆောင်ရွက်ခွင့်ပြုရန် တိုင်းဒေသကြီး အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုတို့ကို ဆွေးနွေးခြင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အား ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း ဆုံးဖြတ်ခြင်း။ "ကြေညာပြို့နယ်ဃင်္ဂသမားများ စိုက်ပျိုးစရိတ် ပြန်လည်ပေးဆပ်သည့်အခါ လယ်သမားများထံမှ စုဆောင်းငွေဖြတ်တောက်မှုအား လယ်သမားများဆန္ဒအရသာ စုဆောင်းငွေရရှိရေး" အဆိုကို တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒသမနေ့) ကျင်းပစဉ်။ (သတင်းစဉ်)

ကလေးမြို့နယ်၌ ကျောင်းဆောင်သစ်ပေးအပ်ပွဲကျင်းပ

ကလေး နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နဂါးပွက်ကျေးရွာ၌ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က အဆိုပါ ကျောင်းဆောင်သစ်ရွှေ့၌ကျင်းပရာ ရွေးဦးစွာ ကျောင်းဆောင်သစ်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လှူဒါန်းခြင်းဥာနပဝန်ကြီး ဒေါက်တာမြင့်သိန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင်နှင့် မြို့နယ် ပညာရေးမှူး ဦးအောင်ကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိပြီး သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် အဆောက်အအုံဖြစ်ကာ တန်ဖိုးမှာ ကျပ် ၂၆ သိန်း ဖြစ်ကြောင်းသိရသည်။

(ခရိုင် မြန်/ဆက်)

စာအုပ်စာပေ လှုမိတ်ဆွေ

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ တရုတ်ကောင်စစ်ဝန်ချုပ်က ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၃

မန္တလေးမြို့တွင်ရုံးစိုက်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာယုဘိုရင်သည် ၎င်း၏ခန့်အပ်လွှာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လာရောက်ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ် မစ္စတာယုဘိုရင် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံး ယာယီတာဝန်ခံ Mr. Michael E. Thurston လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံ လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၃

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ချစ်ကြည်ရေး တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထူးအဆွဲများ၊ ခရိုင်၊ မြို့နယ်များမှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဝန်ထမ်းများအနေဖြင့် အလုပ်ကို ရိုးရိုးသားသားဧဝတနာထားလုပ်ကိုင် ဌာနပိုင်လမ်း၊ တံတားများမပျက်စီးစေရေး စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်

ရန်ကုန် နိုဝင်ဘာ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် နိုဝင်ဘာ ၂၀ ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းအင်ဂျင်နီယာမှူးကြီးနှင့် အရည်အသေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထူးအဖွဲ့များ၊ ခရိုင်၊ မြို့နယ်များမှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နေထိုင်လုပ်ကိုင်ရန်၊ မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၃၂၅ မြို့နယ်တွင် ဖွဲ့စည်းပုံအပြည့်နှင့် တာဝန်ထမ်းဆောင်နေကြရာ ဝန်ထမ်းများအနေဖြင့် အလုပ်ကိုညီညွတ်ညွတ်၊ စည်းကမ်းရှိရှိ၊ ရိုးရိုးသားသားနှင့် စေတနာထားပြီး လုပ်ကိုင်ဆောင်ရွက်ရန်၊ ဌာနပိုင် လမ်း/တံတားများကို စေတနာထား၍ မပျက်စီးစေရေးအတွက် စနစ်တကျ ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၌ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်သုံးဦးအား တစ်ဖြိုင်တည်းခွဲစိတ်ကုသပေးစဉ်။

သီတဂူစက္ခုပြည်ဟိန်း စက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား သတ္တမအကြိမ်မြောက် အစမဲခွဲစိတ်ကုသ

ရန်ကုန် နိုဝင်ဘာ ၂၃

၁၉၉၃-၉၈ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန မျက်မြင်ကာကွယ်ရေးနှင့် မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေးအဖွဲ့၏ လေ့လာချက်အရ မြန်မာနိုင်ငံ၌ မျက်မမြင်ဦးရေ သုံးသိန်းကျော်ရှိပြီး လူတစ်သန်း၌ ၆၀၀၊ ရာခိုင်နှုန်းအားဖြင့် ၀ ၁၁၈ ၆ ရာခိုင်နှုန်း မျက်စိကွယ်နေကြောင်း သိရသည်။

ယင်းသို့ စက္ခုအာရုံဆို့တဲ့နေသူများအား ကျန်းမာရေးဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုသိုလ်ဖြစ်ဆေးရုံဆေးခန်းများက ကုသပေးလျက်ရှိရာ သီတဂူရွှေပြည်ဟိန်းစက္ခုဒါန ဆေးရုံသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ရန်ကင်းမြို့နယ်ပြည်သာယာဘောက်ထော်ရှိ သီတဂူရွှေပြည်ဟိန်းစက္ခုဒါန ဆေးရုံ၌ လစဉ်မျက်စိဝေဒနာရှင် ၁၀၀ ခန့်အား အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိသည်။ သတ္တမအကြိမ်မြောက်အဖြစ် နိုဝင်ဘာ ၁၉ ရက်က မျက်စိဝေဒနာရှင် ၅၀ခန့် နိုဝင်ဘာ ၂၀ရက်တွင် မျက်စိဝေဒနာရှင် ၅၀ စုစုပေါင်း ၁၀၀ အား မျက်စိအထူးကု ဆရာဝန်ကြီးများက အခမဲ့ကုသိုလ်ဖြစ် ခွဲစိတ်ကုသပေးခဲ့ကြပြီး စုစုပေါင်း မျက်စိဝေဒနာရှင် ၇၂၀တို့အား ခွဲစိတ်ကုသပေးခဲ့ပြီး ဖြစ်သည်။ နိုဝင်ဘာ ၂၄ ရက်တွင်လည်း မျက်စိဝေဒနာရှင် ၁၀ဦးအား ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးရုံကို ရွှေပြည်ဟိန်းဆရာတော် အရှင်ဓမ္မသိရီလင်္ကာရ၏ ဦးဆောင်စီမံမှု၊ ဆရာတော်များ၏လုပ်အားဒါန၊ အလှူရှင်တို့၏ သဒ္ဓါ၊ စေတနာတို့ဖြင့် ပေါင်းစုကာ ၂၀၀၄ ခုနှစ် နိုဝင်ဘာလမှ စတင်ဖွင့်လှစ်ခဲ့ရာ (၇)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ခုနှစ်နှစ်တာကာလအတွင်း ဝေဒနာရှင် ၃၇၀၀၀၀ ကျော်အား အခမဲ့ဆေးကုသပေးခဲ့ပြီးဖြစ်သည်။

စမ်းသပ်၊ ဆေးဖိုးမယူဘဲ ဝေဒနာရှင် ၂၀၀ ခန့်ကိုလည်း နေ့စဉ်ကုသပေးလျက်ရှိရာ ငွေကြေးချို့တဲ့သော ဝေဒနာရှင်များက ဝမ်းသာကျေးဇူးတင်လျက်ရှိကြသည်။

(ညွန့်သန်း)

ရေစကြို်ကြက်သွန် လူကြိုက်များသဖြင့် မျိုးစေ့များ ဈေးကောင်း

ရေစကြို နိုဝင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး ရေစကြို်မြို့နယ်တွင် ကြက်သွန်နီများကို ဦးနှောင်းနှင့်ဆောင်းရာသီတွင် စိုက်ပျိုးကြသည်။ အထူးသဖြင့် ဆောင်းရာသီတွင် ခူးခပ်တွင်းမြစ်ရေ ကျပြီးနောက် ကျန်းပိုင်းဒေသ သဲသောင်များတွင် ပိုမိုစိုက်ပျိုး ကြသည်။

ရေစကြို်မြို့နယ်အတွင်း၂၀၁၁-၂၀၁၂ခုနှစ်တွင် ကြက်သွန်နီ စိုက်ပျိုးရန် ၇၀၅၄ ဧက လွှာထားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရြေစာရုံးဦးစီးဌာနမှ လက်ထောက်ဦးဦးမျိုး ဦးဌေး လင်းမောင်က ပြောကြသည်။

မျိုးစေ့တွေ့ဈေးကောင်း

ယမန်နှစ်က ကြက်သွန်နီမျိုးစေ့ တစ်ပြည်ကို ဒွေကျပ် ၅၀၀၀၊ ဒွေကျပ် ၆၀၀၀ ဈေးဖြင့် ရောင်းချခဲ့ရာမှ ယခုနှစ်တွင် မျိုးစေ့တစ်ပြည်ကို ဒွေကျပ် ၁၀၀၀၀ မှ ဒွေကျပ် ၁၂၀၀၀ အထိ ရောင်းချနေရကြောင်း၊ မျိုးစေ့ထုတ်လုပ်ရောင်းချသူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

ကြက်သွန်ရွေးလား လူကြိုက်များ

ရေစကြို်မြို့နယ် သာစည်ကျေးရွာအုပ်စုမှ သာစည်၊ လက်ပန်ပင်၊ ကံစွယ်၊ အောင်ပန်းကျန်း၊ ဇီလပ်ပင်ကျေးရွာများတွင် စိုက်ပျိုးသော ရွှေဖလားမျိုးကြက်သွန်နီ(အောက်ပိုင်း)သည် အခြားဒေသထွက်ကြက်သွန်နီများနှင့်မတူ အနံ့ပြင်း၊ အသားကျစ်ခြင်း၊ မစပ်ခြင်း၊ ဆိပ်ရှိ၍ ချိခြင်း၊ ရေသွင်းစိုက်ပျိုးခြင်းကြောင့် တာရှည်အထားခံခြင်း စသည့် ထူးခြားသော အရည်အသွေးများကြောင့် ဒေသတွင်းသာမက ပဲခူး၊ မြင်းခြံ၊ ပခုက္ကူ၊ ကလေး၊ တမူးနယ်တစ်ဝိုက်တွင်လည်း လူကြိုက်များကြောင်း ဈေးလာသိရှိရသည်။

(ဗေဒူဏီးခေါ်-ရေစကြို)

မဟာပါသာဏလိုဏ်ဂူ၌ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားလျက်ရှိ

လာရောက်ဖူးမြော်

ရန်ကုန်မြို့ ကမ္ဘာ့အေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း ယာယီသီတင်းသုံးစံပယ်အပူဇော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ရန်ကုန် နိဝင်ဘာ ၂၃

တရုတ်ပြည်သူ သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ်မြောက် ပင့်ဆောင်ပူဇော်သည့် ဗုဒ္ဓမြတ်စွယ်တော်အား ကမ္ဘာ့အေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်းယာယီသီတင်းသုံးစံပယ်အပူဇော်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းမှစပြုပိုင်းအထိ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ သက်သောင့်သက်သာစွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် ဂိတ်(၆)ကျော်ကျော်ရှိတိတ်မှ ကမ္ဘာ့အေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူအနီးထိပို့ဆောင်ရေးဆပ်ကော်မတီက ဟိုင်းလတ်ယာဉ်များဖြင့် အခမဲ့ကုသိုလ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ထို့အပြင် ဘုရားဖူးလာပြည်သူများ အမောပြေလန်းဆန်းစေရန် အတွက်လည်း BIO PLUSသောက် ရေသန့်ကုမ္ပဏီက ရေသန့်ဘူးများဖြင့် ကုသိုလ်ယူ လျျှဒါန်းလျက်ရှိသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် ဆိုင်းပိုင်းနှင့်တွဲဖက်၍ အဆိုတော် ခိုင်ဝါ၊ အေးအေးအောင်၊ ခိုင်ဇင်ဆွေ၊ ရွှေရွှေခိုင်နှင့် စိုးစန္ဒာထွန်းတို့က ဓမ္မပူဇာတေးများဖြင့်လည်းကောင်း၊ ဝန်ကြီးဌာန ဝတ်အသင်းများ၊ မြို့နယ်ဝတ်အသင်းများ၊တပ်ရင်းမိသားစုဝတ်အသင်းများကလည်းဗုဒ္ဓမြတ်စွယ်တော်အား ဝတ်ရွတ်စဉ်များ၊ ဂုဏ်တော်များဖြင့်လည်းကောင်း အလှည့်ကျသီကျူးရွတ်ဆို ပူဇော်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော်အားလာရောက်ဖူးမြော်ကြရာတွင် အလျူတော်ငွေနှင့် ရွှေ ငွေလက်တံရထနာပစ္စည်းများ ထည့်ဝင်လျျှဒါန်းနိုင်ရန်အတွက် ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံပယ်တော်မူရာ မဟာပါသာဏလိုဏ်ဂူတော်အတွင်းနှင့် အပြင်တို့၌ အလျူရုံးပုံးများနှင့် ဝိဇယမင်္ဂလာမမ္မသဘင် အလျူခံခန်းမ၌ အလျူခံနေရာများ ဖွင့်လှစ်ထားရှိသည်။

ဗုဒ္ဓမြတ်စွယ်တော်အလျူငွေပေးအပ်ပွဲအခမ်းအနားကို ဝိဇယမင်္ဂလာမမ္မသဘင်ခန်းမ၌ကျင်းပရာဒေါ်သန်းသန်းမြင့်၊ ဒေါ်ခင်စိမ်းဝင်း(ဂျီတော်အိမ်ရာပုဂ္ဂန်တောင်)က ငွေကျပ်ရှစ်သိန်း၊ ဒေါ်စိန်တင်မိသားစုက ငွေကျပ်တစ်သိန်း၊ (ဦးဟန်ထွန်း)အား ရည်စူး၍ ဇနီးဒေါ်ခင်စိန်မိသားစု (ကမ္ဘာအေး)တို့က ငွေကျပ်ငါးသိန်း၊ ဦးရှားဟုတ်-ဒေါ်ခင်သန်း (ဂျက်လေယာဉ်ပဲကြော်/လေ့ာ်လုပ်ငန်း၊ လည်းကူး)နှင့် ဦးတင်စိန်-ဒေါ်ခင်မြင့်ရီ (အောင်သစ်လွင်ကုန်စည်ပို့ဆောင်ရေးမိသားစု)တို့က ငွေကျပ်သုံးသိန်းစီ အပါအဝင် အလျူရှင်စဉဦး၏ လျျှဒါန်းမှုများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များနှင့် ဘဏ္ဍာငွေလုပ်ငန်းအဖွဲ့များကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

လာရောက်လျျှဒါန်း

ထို့အတူ ယမန်နေ့ညနေပိုင်းတွင် ဒီလံချုပ်မျူးကြီးသန်းရွှေ(ငြိမ်း)-ဒေါ်ကြိုင်ကြိုင်မိသားစုက အမေရိကန်ဒေါ်လာ၁၃၀၀၀၀ဖတ္တကြေးတာဘ၁၀၀၀၊ မြိတ်ပုလဲတစ်ဝှဲ၊ ၁၅ပဲလည်အဖြူရောင် ဗဟွင်ပါ ရွှေလက်ဝှဲတစ်ကွင်း ကာလတန်ဖိုး ငွေကျပ်ငွေစက၀၀၀အား လာရောက်လျျှဒါန်းခဲ့ကြသည်။

နိဝင်ဘာ ၂၂ ရက်မှ ယနေ့ညနေ ၆နာရီအထိ အလျူခံဌာနများသို့ လာရောက်လျျှဒါန်းကြသည့် လျျှဒါန်းမှုအစုစုမှာ အလျူတော်ငွေ ၂၉၁၁၉၀၆၆ကျပ်၊လက်ဝတ်ရတနာ ၆၀၀၀ ကျော်၊ ကျောက်သိမ်းဆင်ဖြူ ၂၀၀၀ ကျော်၊ ကျောက်ဆင်းရုပ်တု ၁၀၀၀ ကျော်၊ ဘုရားပန်းအိုး ၁၀၀၀ ကျော်၊ ဘုရားပန်းအိုးခွက်ခြေ

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး အားကစားပြိုင်ပွဲအလံ လွှဲပြောင်းလက်ခံယူခြင်း အခမ်းအနား တက်ရောက်ခဲ့

ရန်ကုန် နိုဝင်ဘာ ၂၃

အင်ဒိုနီးရှားနိုင်ငံ ပါလမ်ဘန်မြို့၌ ကျင်းပခဲ့ပြီးဖြစ်သော (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၊ Sea-games Federation Council Meeting အစည်းအဝေးနှင့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး အားကစားပြိုင်ပွဲအလံ လွှဲပြောင်းလက်ခံယူခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဆန်း ခေါင်းဆောင်သော အောင်ပွဲရပိုက်ကျော်ခြင်း အားကစားမောင်/မယ်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများသည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံ ပါလမ်ဘန်မြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီးနှင့် သံရုံးတာဝန်ခံများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အသီးသီးမှ အဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် အားကစားသမားများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖိုးစည်ဒီးပတ်များ၊ ပန်းစည်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကြိုဆိုခဲ့ကြသည်။

ကြိုဆို

အလားတူ ညနေပိုင်းတွင်အောင်ပွဲရရှိခဲ့ရာ အားကစားသမားများ၊ အားကစားအဖွဲ့ချုပ်များနှင့် ဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်း ထိုက်နှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ အားကစားသမား မောင်/မယ်များက စည်ကားသိုက်မြိုက်စွာ ကြိုဆိုခဲ့ကြသည်။

ဓာတ်ပုံရိုက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အောင်ပွဲရရှိခဲ့သော မြန်မာအားကစားသမားများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အမှတ်တရ ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ ပြန်လည်ရောက်ရှိလာသော မြန်မာအားကစားအဖွဲ့များအား ကြိုဆိုဂုဏ်ပြု

ရန်ကုန် နိုဝင်ဘာ ၂၃

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝုန်းဖြိုင်ပွဲများတွင် ရွေးကောက်ဆိပ်တစ်ခုခု ငွေတံဆိပ်နှစ်ခုခုနှင့် ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည့် မြန်မာနိုင်ငံ ဝုန်းအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဝံထွန်း ခေါင်းဆောင်လျက် အဖွဲ့ဝင် ၂၀ ပါဝင်သော မြန်မာဝုန်းအားကစား အဖွဲ့သည် ယမန်နေ့က ၆ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ ဘော်လီဘော အလေးမ၊ စစ်တုရင်၊ လက်ဝှေ့၊ တင်းနစ် အားကစားအဖွဲ့ဝင်များသည် ယမန်နေ့က ၇ နာရီတွင် လည်းကောင်း မြန်လည်ရောက်ရှိလာကြရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်အေးအေးသင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရိန့်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဝုန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက လုဏ်ပြပန်းစည်းများဖြင့် သောင်းသောင်း ဖြဖြ ကြိုဆိုဂုဏ်ပြု နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် ကွင်းဖွင့်ဇလား တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၁ ခုနှစ် ကွင်းဖွင့် ဖလား တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ရန်ကုန်မြို့၊ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်

ပြိုင်ပွဲတွင် အသက် (၁၀) နှစ်အောက် အမျိုးသား အမျိုးသမီး၊ အသက် (၁၂)နှစ်အောက် အမျိုးသား အမျိုးသမီး၊ အသက်(၁၄)နှစ်အောက် အမျိုးသား အမျိုးသမီး၊ အသက် (၁၆)နှစ်အောက် အမျိုးသား အမျိုးသမီး၊ အမျိုးသား အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ နှင့် အမျိုးသား + အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားမောင်မယ်များသည် ပြိုင်ပွဲဝင်ကြေး တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ ဖြင့်လည်းကောင်း၊ နိုင်ငံခြားသားတစ်ဦးလျှင် ပြိုင်ပွဲဝင်ကြေး အမေရိကန်ဒေါ်လာ ၎င်း ဒေါ်လာဖြင့်လည်းကောင်း နိုဝင်ဘာ ၂၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်(သိမ်ဖြူလမ်း) သို့ ဆုံးချိန်အတွင်း စာရင်းပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲများမှာ ရှုံးထွက်ပွဲစဉ်များ ဖြစ်ပြီး ပြိုင်ပွဲတို့ Best of three စနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ ပထမပွဲနှင့် ဒုတိယပွဲများတွင် Tie-Break စနစ်ကို ကျင့်သုံးပြီး နောက်ဆုံး တတိယပွဲတွင် ပွဲငယ် နှစ်ပွဲပြတ်စနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဆန်း ခေါင်းဆောင်သော အောင်ပွဲရ ပိုက်ကျော်ခြင်းအားကစား မောင်/မယ်များအား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြစဉ်။

(သတင်းစဉ်)

မြန်မာစီနီယာပီဂျီအေ လက်ရည်စစ်ပြိုင်ပွဲ(ရန်ကုန်) ကျင်းပပြီးစီး

ရန်ကုန် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာစီနီယာပီဂျီအော့ပရေးတိုးကျင်းပသည့် မြန်မာစီနီယာပီဂျီအေ ဂေါက်ပြိုင်ပွဲများအတွက် လက်ရည်စစ်ပြိုင်ပွဲ(ရန်ကုန်) ပွဲစဉ်ကို နိုဝင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့၊ ပန်းလွှင်ဂေါက်ကွင်း၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အောင်မြင်

အဆိုပါ လက်ရည်စစ်ပြိုင်ပွဲအပြီး တွင် Capt အေးမင်း၊ ဦးဝင်းအောင် ထွန်း၊ ဦးဝင်းမြင့်ချင်း၊ ဦးစန်းအောင် (တောင်ငူ)၊ ဦးကိုကို၊ ဦးဇော်မော်၊ ဦးအေးမင်း (Kitchen Master) နှင့် ဦးဝင်းကြည်တို့ လက်ရည်စစ်ပွဲ အောင်မြင်ကြသည်။

အသိအမှတ်ပြု

ထိုလက်ရည်စစ်ပွဲ အောင်မြင်သူများသည် မြန်မာစီနီယာပီဂျီအေ အဖွဲ့ဝင်များအဖြစ် အသိအမှတ်ပြုပြီး စီနီယာပီဂျီအေပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရှိမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် နိုဝင်ဘာ ၂၃

ဦးမြသီဟရိုး (၅၅) အုတ်၊ သဲ၊ ကျောက်ဖိုင်းသည် ကစားဖော်များ ဖြစ်ကြသော ဦးမောင်မောင်မြဖို၊ ဦးလှုစုန်မိန်းတို့နှင့်အတူ နိုဝင်ဘာ ၁၉ ရက်တွင် မြန်မာဂေါက်သီးရိုက် အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Precept (EV) No.(1) ဘောလုံးကို Mizuno(notus) Iron No.(6) သံတုတ်ဖြင့်ရိုက်လိုက်ရာ ၁၄၂ ကိုက် အကွာအဝေးတွင်ရှိသော ကျင်း အမှတ် (၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိ သည်။

(မြန်မာ့အလင်း)

အမျိုးသားနေ့အခမ်းအနား အမြို့ပြို့အနှယ်နှယ်၌ကျင်းပ

နိုဝင်ဘာ ၂၀ ရက်က ဒေါပုံမြို့နယ် အထက(၁) ခန်းမ၌ (၉၁)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ ဖတ်ကြားစဉ်။

(၀၅၁)

နိုဝင်ဘာ ၂၀ ရက်က (၉၁)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို တောင်ဥက္ကလာပမြို့နယ် အထက(၁) သီရိရတနာ ခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်သိန်း ဖတ်ကြားစဉ်။

(၀၂၃)

(၉၁)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အထက(၄) ခန်းမ၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင် ဖတ်ကြားစဉ်။

(၀၀၇)

နိုဝင်ဘာ ၃ ရက် ည ၁၀နာရီခန့်က ကချင်ပြည်နယ် မိုးကောင်း မြို့နယ် မိုးကောင်း-ကာမိုင်းလမ်း မိုင်တိုင်အမှတ် (၁၇/၀) နှနဲ့ဟိုင် ဘေလီတံတားပေါ်မှ ကုန်တင်ယာဉ် ခြောက်ဘီးကား တန်ပိုယာဉ် ဖြတ်သန်းမောင်းနှင်မှုကြောင့် တံတားကျိုးကျ ယျက်စီးသွားသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် သင်တန်းများ စတင်ဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၂၃

ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီး၏ အထူးပြုဘာသာရပ်အသီးသီးအတွက် ပထမနှစ်သင်တန်းများကို ဒီဇင်ဘာ ၇ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများ၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပထမနှစ်သင်တန်း ဝင်ခွင့်ရသူများစာရင်းကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီး တွင် ကြေညာထားကြောင်း သိရသည်။ ဒုတိယနှစ်နှင့်အထက် သင်တန်း များအားလုံးကို ဒီဇင်ဘာ ၁ ရက်မှစ၍ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီ ကောလိပ် အသီးသီးတွင် ဖွင့်လှစ်မည်ဖြစ်သည်။

(သတင်းစဉ်)

24-11 (09).pmd 1 11/24/2011, 3:38 AM

ရန်ကုန်မြို့ လသာမြို့နယ် ရွှေတိုဝုဘုရားလမ်း အမှတ်(၇၃)မှ ကမ္ဘာ့ကျော် ပီနံအိတ်ခွဲမိသားစုနှင့် ရောနှံ့စက်မိသားစုတို့က အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမွေတွေရိပ်မှနှံ့ ကင်ဆာဖောင်းဒေးရှင်း အထွေးလှမှာ(ကင်ဆာ)ဝေဟိုသို့ အလှူငွေကျပ် ၃၄၂၆၀၀၀နှင့် ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းရာ နာယကဖိုလ်မှူးချုပ် အောယ်လ်(ငြိမ်း)နှင့် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွှန့် တို့လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

မြင်းခြံမြို့ အထက(၂) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

မြင်းခြံ နိုဝင်ဘာ ၂၃

မြင်းခြံမြို့ အထက (၂)မှ အငြိမ်းစား ဆရာ ဆရာမကြီးများအား တတိယ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက် (စနေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လျှပ်ဒါန်းလိုပါက ဒုတိယဝိုလ်မှူးကြီးချိဉီး ဖုန်း-၀၉-၅၁၆၃၂၈၆၊ ဦးသောင်းညွှန့် ဖုန်း-၀၉-၄၉၃၆၃၁၃၊ ဦးသန်းဆွေဝင်း ဖုန်း-၀၉-၅၀၃၄၁၀၉၊ ဦးဌေးဝင်း ဖုန်း-၀၉-၂၂၁၅၀၂၀၊ ဦးမြင့်နိုင်ဦး ဖုန်း-၀၉-၅၀၇၄၅၅၄ ဦးမြင့်ဇော်ဦး ဖုန်း-၀၇၄-၅၀၂၀၊ ၀၉-၉၀၅၈၅၅ တို့ ထံသို့ ဆက်သွယ်လျှပါဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

တန်ဆောင်တိုင် ခန်ကျိပ်ဂွစ်ဆူဘုရား ဒေသစာရီကြွချီပူဇော်ပွဲ ညောင်တုန်းမြို့၌ အစဉ်အလာမပျက်ကျင်းပ

ညောင်တုန်း နိုဝင်ဘာ ၂၃

ညောင်တုန်းမြို့၏ အထင်ကရ ပွဲတော်တစ်ခုအဖြစ် နှစ်စဉ် စည်ကားခမ်းနားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သော တန်ဆောင်တိုင် နှစ်ကျိပ်ခွဲဆူဘုရား ဒေသစာရီ ကြွချီပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ညနှင့် လပြည့်ကျော် ၁ ရက်နေ့ ညများက ကျင်းပခဲ့သည်။

ပြည်သူအများ နှစ်ကျိပ်ခွဲဆူဘုရား များအား ဖူးမြော်ကြည်ညို သဒ္ဓါတရား ပွားများနိုင်ရေး၊ ဘုရားပွဲတော်ကျင်းပခြင်း အလေ့အထများ စဉ်ဆက်မပြတ်စေရေးတို့အတွက် လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်မှစတင်၍ တန်ဆောင်တိုင် နှစ်ကျိပ်ခွဲဆူဘုရား ဒေသစာရီ ကြွချီပူဇော်ပွဲတော်ကို နှစ်စဉ် အစဉ်အလာမပျက် ကျင်းပခဲ့ခြင်းဖြစ်သည်။

လှည့်လည်

နှစ်ကျိပ်ခွဲဆူသော ဘုရားများ မြို့တွင်းသို့ ရပ်ကွက်အလိုက်ပင့်ဆောင်လှည့်လည်ပူဇော်ရာတွင် ရပ်ကွက် ၁၀ ခု တို့က ဥဒ္ဓခုပ်ပွားတော်များကို ဘုရားကျောင်းဆောင် ယာဉ်အမျိုးမျိုးဖြင့် လှပသပ္ပယ်စွာ ပင့်ဆောင်လှည့်လည်ကြသည်။ **(အပေါ်ပို့)**

တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်နေ့ည လှည့်လည်ပြီးဇော်ပွဲအပြီး နိုဝင်ဘာ ၁၂ ရက်တွင် ဆုဆို့မြင့်ပွဲ အခမ်းအနား ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းနှင့် တာဝန်ရှိသူများက ဘက်စုံ အကောင်းဆုံးဆုရ အမှတ် (၇) ရပ်ကွက်၊ ယာယီကျောင်းဆောင်အကောင်းဆုံးဆုရ အမှတ်(၄)ရပ်ကွက်၊ လှည့်လည်ကျောင်းဆောင် အကောင်းဆုံးဆုရ အမှတ် (၈)ရပ်ကွက်၊ စည်းလုံးညီညွတ်မှုအကောင်းဆုံးဆုရ အမှတ် (၁၀)ရပ်ကွက်၊ ဖျော်ဖြေရေးအကောင်းဆုံးဆုရ အမှတ် (၃) ရပ်ကွက်နှင့် ကျန်ရပ်ကွက် ၈ ခုအား နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(၀၈၂)**

နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေး

နန်းယွန်း နိုဝင်ဘာ ၂၃

နန်းယွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနကကြီးမှူး၍ အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီက အထက နန်းယွန်းတွင် အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်း အခမ်းအနား ကျင်းပသည်။ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိန်မြင့်က အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အင်္ဂပူမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

အင်္ဂပူ နိုဝင်ဘာ ၂၃

ရောဝတီတိုင်းဒေသကြီး ဟသံတခဲ့ရိ အင်္ဂပူမြို့နယ် အောက်ရွာကြီးကျေးရွာအုပ်စု ဘိုးရာဇ လယ်ယာကုန်ထုတ်အသင်း ကွင်း (၇၆၀)၊ ဦးပိုင်အမှတ် (၁၀၇/၂) တောင်သူ ဦးလှဝင်း၏ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ စိုက်ပျိုးထားသည့် စပါးခင်းတစ်ဧကတွင် နိုဝင်ဘာ ၁၅ရက် နံနက် ၉ နာရီက စက္ကရိုက်သိမ်းရာ တစ်ဧက စပါးအခြောက်အထွက်နှုန်း ၁၂၃ ဒသမ ၃၇ တင်း ထွက်ရှိခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွန်းမိုးဟန်၊ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဒေါ်ညွှန့်ညွှန့်ဆွေနှင့် ဝန်ထမ်းများ၊ မြို့နယ်ခြေစောရင်းဦးစီးဌာနမှူး ဦးဝင်းလှိုင်နှင့်ဝန်ထမ်းများ၊ လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီများနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများက ကြိုးကြပ်ဆောင်ရွက်ကြပြီး တောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရှိရသည်။ **(ယာဝဲ) (မြို့နယ် ပြန်/ဆက်)**

အခြေခံပညာ မူလတန်းကျောင်း(၃)ဖွင့်

ဟုမ္မလင်း နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးခရိုင် ဟုမ္မလင်းမြို့နယ် ပေပင်ကျေးရွာအုပ်စု နမ်ခါကျေးရွာ အခြေခံပညာမူလတန်းကျောင်း(၃) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်းခွဲရှေ့ရိုက်ပြင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း၊ မြို့နယ်ပညာရေးမှူး ဦးခင်ထွန်းနှင့် ရပ်မိရပ်ဖ ဦးခင်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က မြို့နယ်အတွင်း ပညာရေးကဏ္ဍ ဆောင်ရွက်နေမှုအကြောင်း ဆွေးနွေးကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စာသင်ကျောင်းအတွက် ထောက်ပံ့ လွှဲနှင့် ပစ္စည်းများပေးအပ်ကာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့က အထိမ်းအမှတ် အလံများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကချင်ပြည်နယ် တနိုင်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်

တနိုင်း နိုဝင်ဘာ ၂၃

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် တနိုင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဂျိတ်လင်းမြန်မာ ကုမ္ပဏီလီမိတက်နှင့် ပူးပေါင်း၍ ဒေသအတွင်း ငါးသယ်ဇာတပေါများကြွယ်ဝလာစေရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်လာစေရေးအတွက် ငါးမျိုးစိုက်ထည့်သွင်းကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက တနိုင်းချောင်း၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟံဝင်းအောင်၊ မြို့နယ်အဆင့် လာစေရေးနှင့် ငါးထုတ်လုပ်မှုတိုးတက် ဌာနဆိုင်ရာတာဝန်ရှိသူများ။ ဂျိတ်လင်း ကုမ္ပဏီဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များက ငါးမြစ်ချင်း၊ ငါးဒုံးမန့်နှင့် ငါးသန်ကောင်ရေ ၆ ဒသမ ၂ သိန်းကို တနိုင်းချောင်းအတွင်း ငါးမျိုးစိုက်ထည့် ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

နေ့ညမပျက် သတိမူ ရန်သူမီးကိုသာ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၁-၂၀၁၁ (ကြာသပတေးနေ့)

နန်းပိုင်း

၅း၀၀ MRTV-4 အမှုင့် Logo
ပတ္တလိုးပါဠိတော်-ဓမ္မဂုဏ်သုတ်
၅း၂၀ MRTV-4 သတင်း
၅း၃၀ **ဘဒ္ဒန္တဓနသေန**
(သုညတမွေဆရာတော်
ဟောကြားတော်မူသော
တရားတော်)
၆း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
စိတ်၏စရာ (အပိုင်း-၃၅)
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
ထွဲလက်မဖြတ်တမ်း
(အပိုင်း-၃၀)
၈း၃၅ မြန်မာပြည်သိန်းတန်
နှတ်ဆက်ဂီတညချမ်း
ဂီတဖျော်ဖြေမှု (Part-7)
၉း၃၀ Intellectual Talk
နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင်
လူ့စွမ်းအားအရင်းအမြစ်
ကဏ္ဍာရှိအရေးပါမှု
(ဦးအေးကျော်မျိုးမြတ်သူ)
၁၀း၃၀ သာသနာ့အမွေခံရပ်ဝန်း
၁၀း၄၅ Activities in the City
(စာရေးဆရာမနှင်းဆင်မိုး
ရေးသားတင်ပြခြင်းအခမ်းအနား)
၁၁း၀၀ ဗဟုသုတတိုးစေဖို့
လေ့လာရေးခရီးသွားကြစို့
၁၁း၁၅ အောင်မြင်သူများအားဂုဏ်ပြုခြင်း
၁၁း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
သံစဉ်ချိုအိပ်မက်လေး (အပိုင်း-၉)
၁၁း၅၅ Activities in the City
(ဆရာမအကြိမ်အိုဒိုရာ
ကံထူးရှင်ရွေးချယ်ပွဲ)
၁၂း၃၀ ကျန်းမာစေသောပတ်ဝန်းကျင်
(ဒေါက်တာခင်မောင်ထွန်း၊
စာရေးဆရာဟိန်းလတ်)
၁း၀၀ **ဘဒ္ဒန္တဓနသေန**
(သုညတမွေဆရာတော်
ဟောကြားတော်မူသော
တရားတော်)
၂း၀၀ MRTV-4 သတင်း
၂း၂၀ Quiz Idol
၃း၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ
ချောကလက်ဘော်ဘီ
၃း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
စိတ်၏စရာ
(အပိုင်း-၃၅)
၄း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
ထွဲလက်မဖြတ်တမ်း
(အပိုင်း-၃၀)
၅း၀၀ ဝက်မြီနှင့် အသားအရေ
ထိန်းသိမ်းခြင်းဆိုင်ရာ ဆွေးနွေးခန်း
(အသားအရေနှင့်မိတ်ကပ်)
၅း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
သံစဉ်ချိုအိပ်မက်လေး
(အပိုင်း-၉)
၆း၀၀ MRTV-4 သတင်း
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
စိတ်၏စရာ
(အပိုင်း-၃၆)
၇း၁၀ မြန်မာပြည်သိန်းတန်
နှတ်ဆက်ဂီတညချမ်း
ဂီတဖျော်ဖြေမှု (Part-8)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနှစ်ခန်း
(အရွဲ့တိုက်တာကောင်းတယ်၊ အရွဲ့မတိုက်တာကောင်းတယ်)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
ထွဲလက်မဖြတ်တမ်း
(အပိုင်း-၃၀)
၉း၅၅ Style ရှိမှ Star ဖြစ်မယ်
၁၀း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
သံစဉ်ချိုအိပ်မက်လေး
(အပိုင်း-၁၀)
၁၁း၀၀ သီချင်းကောင်းကောင်း
သီချင်းတောင်း
၁၁း၃၅ The Champion of Dance
၁၂း၁၅ ဇာတ်ပုံထဲမှ အမှတ်တရများ
(ရွှန်းဆင့်ခေြခြည်)
၁း၄၀ ပြီးပြည့်စုံခြင်းများနှင့်
Reto Coffee Machine
၁း၅၅ ဂီတသမားတို့ရဲ့ရင်ခုန်သံများ
(နန်းဆုရတီဦး)
၂း၂၅ အားကစားပြင်ဝွင်းစုံ
၃း၁၀ တောင်ပေါ်လက်ဖက်ခြောက်သစ်ရွက်
၂း၀၀ ယဉ်ကျေးမှုယဉ်
၂း၂၀ ဓီဝိဘဒါန်ဆွေးငှေးမှို့
သွေးအားပြည့်အောင်နေကြစို့
(ဂုက်ဆပူကြော်ချစ်သူစေ၊
မိုးယုစံမီသီးသုခ)
ဒါရိုက်တာ-ကိုရွှေမိုးသက်
၂း၂၅ ရောင်လေဝေးဝေးအရက်ဘေး
၂း၄၀ ပန်းပုပန်းချီဂုဏ်မဲအောင်
လက်ရာရပ်စေသည်..
၂း၅၀ အလှဆင်စရာပရိဘောဂကမ္ဘာ
(Panobayin Handicrafts & Furniture)
၃း၀၅ ကဏ္ဍာစုံလင် အားကစားအစီအစဉ်
၄း၀၅ မနွေလေးမြို့မှ
တိတ်ဆိတ်ခြင်း၏ခွန်အားသစ်များ
၄း၂၀ ဓမ္မဘန္တမှသည်
မိဘမဲ့ကလေးငယ်များဆီသို့
၄း၄၀ ဖူးမည်အမှန်...ထူးမည်ဇာတိမှန်...
မာန်ငါးမာရဲ့
၅း၀၀ အစီအစဉ်ပြီး။။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ပိုင်း၊ မန္တလေးမြို့နှင့် အနီးတစ်ပိုင်းတို့တွင်
ရုံးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ပိုင်းတွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စနစ်တကျစုဖွဲ့.မောင်းနှင်လာသော ယာဉ်တန်းကို ဦးစားပေးပါ။

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကျူးကျော်တဲ့ ရှင်းလင်းပေးပါ

စာတည်းရှင့်-

၁၇ုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂၆) ရပ်ကွက် မြရတနာလမ်းနှင့် ရွှေပြည်အေးလမ်းထောင့်တွင် လမ်းပေါ်၌ ကျူးကျော်တဲဆောက်၍ နေထိုင်ပြီး လမ်းပေါ်တွင် ချက်ပြုတ်စားသောက်သဖြင့် မီးအေးအန္တရာယ် စိုးရိမ်ရပါသောကြောင့် အဆိုပါကျူးကျော်တဲကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

၁၇ုံမြို့သစ်သူ

ငါးပိ၊ ငံပြာရည်လုပ်ငန်း ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ အမှတ် (၁)ရပ်ကွက် မင်းလမ်းအနောက်ထိပ်အနီး၌ အိမ်ထစိုအိမ်၏ ငါးပိ၊ ငံပြာရည်လုပ်ငန်းမှ ထွက်ရှိသော ငါးပိ၊ ငံပြာရည်အပုပ်နံ့ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်ရသူ

ညလုံးပေါက်ဆိုင်ကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရမှု ဆောင့်ကျပ်ပြီး

၃၀-၈-၂၀၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံ ပေးစာများကဏ္ဍတွင် **မော်လမြိုင်မြို့ ကွင်းရုပ်ရုပ်ကွက် အောက်လမ်းကြေးရှိ ညလုံးပေါက်လက်ဖက်ရည်ဆိုင်ကြောင့် မီးဘေးအန္တရာယ်နိမိတ်ပေးစာနှင့်ပတ်သက်၍** ရှင်းလင်းဆောင်ရွက်ပြီးစီးပါကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်)**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံ လာရောက်တွေ့ဆုံ

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၃

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးဆောင်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ရင်းနှီးမှုဖွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်၏ ပကတိနိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု၊ လွှတ်တော်၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်နိုင်မြဲရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးဖွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတကာအားကစားဖြင်းကွင်း

မြင့်မောင်စိုး -- ဧရေသားသည်

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ မန်ယူနှင့် ဘင်ဖိကာ သရေကျ

လန်ဒန် နိုဝင်ဘာ ၂၃

ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲများကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားကြရာ မန်ယူနှင့် ဘင်ဖိကာအသင်းတို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေလွှဲဖြစ်သွားသည်။

အုပ်စု (C) မှ မန်ယူတို့ ချန်ပီယံလိဂ် နှုံးထွက်အဆင့် တက်ရောက်နိုင်ရန် လာမည့်ပွဲစဉ် ဘောဆယ်အသင်းကို သရေကစား နိုင်လျှင် တက်ရောက်နိုင်မည်ဖြစ်သည်။ မန်ယူတို့ ပွဲစပြီး သုံးမိနစ်အကြာ ဖီဇျံးက ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိ၍ ဘင်ဖိကာကို စောစီးစွာ လက်ဆောင်ဂိုးပေးလိုက်ရသည်။ ယင်းနောက် နာနီ၏ ဖြတ်တင်ဘောမှတစ်ဆင့် ဘာဘာတော့ဗ် ခေါင်းတိုက်ဂိုးသွင်းယူပေးခဲ့သည်။ **(အပေါ်ပုံ)**

ဒုတိယပိုင်းတွင် ဖလက်ချာက မန်ယူအတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။ သို့သော် မန်ယူတို့ဂိုးရပြီး တစ်မိနစ်အကြာတွင် ပါဘလို့တိုင်မာက ဘင်ဖိကာအတွက် ပြန်လည်ချေပဂိုး သွင်းယူခဲ့သဖြင့် တစ်ဖက် နှစ်ဂိုးစီဖြင့် သရေလွှဲဖြစ်ခဲ့သည်။ **(အင်တာနက်)**

၂၀၁၁-၂၀၁၂ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းစုစုပေါင်း (၁၄၆၆၂ ဒသမ ၉)ကေ ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၃

၂၀၁၁-၂၀၁၂ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ဘိန်းခင်း ၁၂၅၁ ဒသမ ၅ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သည်။

ဖျက်ဆီးနိုင်ခဲ့

နိုဝင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ ဘိန်းခင်း ၂၀၆၀ ဒသမ ၄ ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်းဘိန်းခင်း ၁၄၆၆၂ ဒသမ ၉ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထပ်မံဖျက်ဆီးနိုင်ခဲ့သော ဘိန်းခင်း ၂၀၆၀ ဒသမ ၄ ဧကအနက် ရှမ်းပြည်နယ် ပင်လောင်း၊ ဖယ်ခုံ၊ ဆီဆိုင်၊ တောင်ကြီး၊ ဟိုပုံး၊ ခိုင်းကိုင်၊ မောက်မယ်နှင့် လွိုင်လင်မြို့နယ်အတွင်းမှ ၂၁၂၀ ဒသမ ၉ ဧကနှင့် ကယားပြည်နယ် ဖရူဆိုနှင့် ဒီမော့ဆိုမြို့နယ်အတွင်းမှ ၃၉ ဒသမ ၅ ဧကတို့ကို ဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

၂၀၁၁-၂၀၁၂ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ၁-၉-၂၀၁၁ ရက်မှ ၃၀-၁၁-၂၀၁၁ရက်အထိ ဘိန်းခင်းဖျက်ဆီးနိုင်မှုအခြေအနေ

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	၂၀၁၁-၂၀၁၂ ဖျက်ဆီးမှု	
		ဧက	ဟက်တာ
၁	ရှမ်းပြည်နယ်(တောင်)	၁၄၅၉၃.၄	၅၉၀၆.၆၈
၂	ရှမ်းပြည်နယ်(အရှေ့)	၂၈	၁၁.၃၃
၃	ကယား	၃၉.၅	၁၅.၉၉
စုစုပေါင်း		၁၄၆၆၂.၉	၅၉၃၄

မြန်မာအလင်း နည်းပညာသိပ္ပံ

ကောင်းမြတ်သူ -- ဧရေသားသည်

ကမ္ဘာ့ဈေးအချိုဆုံး နာနိုကားပျား အရည်အသွေးမြှင့်တင်ထုတ်လုပ်ပည်

နယူးဒေလီ နိုဝင်ဘာ ၂၃

အိန္ဒိယနိုင်ငံတွင် ၂၀၀၉ ခုနှစ်မှ စတင်ထုတ်လုပ်ခဲ့သော ကမ္ဘာ့ဈေးအချိုဆုံး တာတာနာနိုမော်တော်ကားများမှာ ယခုအခါ အရောင်းကျဆင်းနေသဖြင့် အဆိုပါကားများကို အရည်အသွေးမြှင့်တင်ထုတ်လုပ်သွားရန် ယင်းမော်တော်ကားကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ်သူ ပီအမ်တာလန်းက ပြောကြားလိုက်သည်။ *စာမျက်နှာ ၉ ကော်လံ ၆ ↗*

မီးဖို မီးကြွင်းမီးကျန် သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့တဲ့ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလတ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မမေ့လျော့ပေါ်ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

(မီးသတ်ဦးစီးဌာန)